ဖုင်ကျွန်တဘိုက်ဂါရ်ကျွန်ကျောင်တာဗာင်း

Ta'ang Students and Youth Organization

# Ta'ang Youth Newsletter

အမှတ်စဉ်(၁၉) | ကော်န်းတအာင်းစာစောင် | ဩဂုတ်လ ၂၀၁၂

## သတင်း

## တခါမှမကြုံဖူးသည့်ချောင်းရေကြီးမှု လားရှိုးတွင်ဖြစ်ပွား




လားရှိုးမှ ရေကြီးနေသောပုံ

တခါမှမကြုံဖူးသည့်ချောင်းရေကြီးမှု လားရှိုးတွင်ဖြစ်ပွား ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ပေါ်တွင် ၁၈.၈.၂၀၁၂ စနေနေ့ညက စပြီး မိုးအဆက်မပြက် ရွာသွန်းခဲ့ သောကြောင့် ၁၉.၈.၂၀၁၂ နေ့တွင် တစ်ခါမှမကြုံဖူးသည့် ချောင်းရေကြီးမှု ဆိုးဆိုးရွားရွား ဖြစ်ပေါ်ခဲ့ပြီး အိမ်ခြေအမြောက်အများနှင့် အိမ်မွေးတိရိစ္ဆာန်များကို ရေထဲ မျှောပါသွားခဲ့ကြောင်းသိရသည်။

ရေကြီးမှုမဖြစ်ခင် ၁၈ ရက်နေ့တွင်မိုကြီးသည်းထန်းစွာ ရွာသွန်းမှုကြောင့် ကျောက်တောင်ရပ်ကွက်တွင် ရန်တိုင်းဓေ အောင်ဘုရားဖက်မှစီးဆင်းလာသည့် တောင်ကျရေသည် အရင်က တစ်ခါမှ မကြုံတွေ့ဖူးသည့် ချောင်းရေကြီးမှု ဖြစ်ပွားလာစေသည်။

လားရှိုးမြို့ ကွက်သစ်၊ ရပ်ကွက်(၉)၊ ရပ်ကွက်(၁၀)နှင့်မြို့ဝမ်ရှိ အိမ်ခြေ ၅၀ ထက်မနည်းရေတိုက်စားမျောပါသွားသည့်အပြင် ရေခြံ စိုက်ခင်းဧကများ စွာရေလွှမ်းမိုးခဲ့သည်။ ရေ လွှမ်းသည့် ရပ်ကွက်ရှိ အိမ်တွင်းပိတ်မိနေသူများအား လူမှုအဖွဲ့ကယ်ဆယ်ရေးအဖွဲ့မှ ဝိုင်းဝန်းကယ်ထုတ်ပေးရပြီး အလှူရှင်များမှ ထမင်းထုပ်များဝေပေးခဲ့ကြောင်း တွေ့ရသည်။

ရပ်ကွက် (၁၀) မှ ကယ်ဆယ်ရေး အကူအညီပေးနေသည့်ဒေသခံ တစ်ဦးမှ "ရပ်ကွက် (၁၀) နဲ့ မြို့ဝမ် ဖက် က အိမ်တွေ အချို့ပြို့ကျပြီး ရေထဲပါသွား တာတွေ့ရတယ်။ အိမ်မွေးဝက်တွေ၊ အသုံးအဆောင်ပစ္စည်းလည်းအများကြီး ပါသွားတယ်၊ ချောင်းဘေးတောက်လျှောက်ကအိမ်တွေ၊ ခြံတွေ အားလုံး ထိတာပဲ၊ လူလည်း တစ်ယောက်ပါသွားတယ် လို့ ကြားတယ်။ ဘယ်ရပ်ကွက်ကလည်း တော့ မသိရသေးဘူး ၊တံတားလေးစင်းလုံး ရေကျော်တက်ပြီး ဘယ်ဆိုင်ကယ်၊ ကားမှဖြတ်လို့ မရတော့ဘူး၊ ချောင်းရေဒီလောက် ကြီးတာ တစ်ခါမှ မကြုံတွေ့ ဖူးဘူး " ဟု ရေကြီးမှုနှင့်ပတ်သက်ပြီးပြောပြခဲ့သည်။

ယခုလို ချောင်းရေကြီးမှုကြောင့် ရေဘေးဒုက္ခသည် အမြောက်အများ ရှိနေသည့်အပြင် အကူအညီများလည်း အရေးတကြီးလိုအပ်နေကြောင်းသိရသည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

တအောင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်။

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး " ဗဟိုကော်မီတီ နှစ်ပတ်လည်အစည်းဝေး ထုတ်ပြန်ကြေညာချက် "

စာမျက်နှာ ၆

တအောင်းအမျိုးသားရေးခေါင်းဆောင် မိုင်းအိုက်ပန်းအတွက် ၁၀နှစ်ပြည့်တရားနာဆွမ်းသွတ် အမျှဝေ

စာမျက်နှာ ၃

အစိုးရ စစ်ကြောင်းမှ ဒေသခံများ၏ လက်ဝတ်ရတနာနှင့်လူ့အသုံးအဆောင်ပစ္စည်းများကို လုယူ....

စာမျက်နှာ ၄

# အယ်ဒီတာ့အာဘော်

ဦးသိန်းစိန်၏ ပြောင်းလဲမှုအောက်က သေနတ်သံတွေနဲ့ညံ့နေတဲ့ တအာင်းဌာနေ

မြန်မာနိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှုများစတင်နေသော ဦးသိန်းစိန်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းများဖော်ဆောင်နေသော ဦးအောင်မင်းအဖွဲ့သည်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတော်တော် များများနှင့်ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိနေသလို လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် များလည်းရှိနေပါသည်။ စစ်အစိုးရမှ နိုင်ငံတကာအမြင်တွင် မြန်မာနိုင်ငံသည် ငြိမ်းချမ်းပြီး ဒီမိုကရေစီအခွင့်အရေးများဖြင့် ဦးတည်ပြောင်းလဲနေပြီလို့ ကြွေးကြော်နေသော်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်အတွင်းတွင် နေ့စဉ်နှင့် အမျှ တိုက်ပွဲတွေအဆက်မပျက် ဖြစ်ပွားလျက်ရှိသည်။ တဆက်တည်းမှာပဲ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတတ်မည်ဟု လက်ရှိအစိုးရမှ ကြွေးကြော်ထားသော်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ စစ်မှန်တဲ့ငြိမ်းချမ်းရေး မဟုတ်ပဲ အပေါ်ယံ ငြိမ်းချမ်းရေးနှင့်အတူ ၄င်းတို့ ၂၀၀၈ ဖွဲ့စည်းပုံအတိုင်း ဆက်လက် အကောင်းဖော်ဆောင်နေတာ ဖြစ်ပြီး. တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ အတုယောင် ငြိမ်းချမ်းရေး လက်မှတ်ရေး ထိုးပြီး နိုင်ငံရေး အမြတ်ထုတ်ရန်သာကြံရွယ်နေပါသည်။ အပစ်ခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးသော တိုင်းရင်းသားနယ်မြေများတွင် စစ်တပ်တိုးချဲ့မှုများများရှိနေသလို စစ်ပွဲများထပ်ပြီ ပြန်ဖြစ်နေခဲ့ကြသည့် အခြေအနေအထားတွေက သက်သေဖြစ်နေပါသည်။

ဦးသိန်းစိန်အစိုးရစစ်တပ်မှ လက်မှတ်ရေးထိုးထားခြင်းမရရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ဖြစ်သော ကချင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့်တအာင်းအမျိုးသားရေးလွတ်မြောက်ရေး တပ်မတော် များအား အပြတ် ချေမှုန်းနိုင်ရန်အတွက် ပြည်သာယာစစ်ဆင်ရေးကို ဩဂုတ်လမှ စတင်အကောင်အထည်ဖော်ဆောင် လျက်ရှိသည်။ မြန်မာအစိုးရစစ်တပ်များမှ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်လှုပ်ရှားနေသည့် တအာင်းဒေသအတွင်း ၄င်းတို့စစ်တပ်များအား ထိုဒေသများသို့ တစ်ဆထက်တဆပြောင်းရွှေ့အခြေချတပ်စွဲ ဝင်ရောက်လာခဲ့ကြပြီး နေစဉ်နှင့်အမြဲတိုက်ပွဲပိုမိုပြင်းထန်လာသည်ကိုတွေ့ရှိရသည်။

အထူးသဖြင့် မြန်မာစစ်ကြောင်းများသည် နယ်မြေခံလူထုများအား သတ်ဖြတ်ခြင်း၊ မတရားနိပ်စက်ခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း၊ မတရားဖမ်းစီးချုပ်နှောင်အပစ်ပေးခြင်း၊ ဒေသခံပိုင်ပစ္စည်းများမတရားယူငင်ခြင်း နှင့်ခြိမ်းခြောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ဆက်တိုက်ဆိုသလိုဖြစ်ပေါ်လျက်ရှိသည်။

လက်တလောတိုက်ပွဲတွေကြောင့် စစ်ဘေးဒုက္ခသည်များနေ့စဉ်နှင့်အမျှ တိုးပွားလာပြီး မန်တုံမြို့နယ် တုန်ဟုန်းကျေးရွာအနီးတောတွင်း ပုန်းရှောင်နေသည့် စစ်းပြေးဒုက္ခသည် တစ်ထောင်ဝန်းကျင်ရှိနေပြီး အများစုမှာ တအာင်းနှင့်ကချင်လူမျိုးများဖြစ်ကြသည်။ တစ်ချို့စစ်းပြေးဒုက္ခသည်များမှာ နီစပ်ရာ ဆွေးမျိုးအိမ်များတွင်သာ ခိုးလုံနေကြသလို များသောအားဖြင့် အခက်အခဲများစွာနဲ့ ကြုံတွေ့နေရပါသည်။ ထို့ကြောင့်မြန်မာအစိုးရ၏ ဟန်ပြငြိမ်းချမ်းရေးကိုသာ ဦးတည်ဆွေးနွေးနေသည်မှာအထင်အရှားပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပေါ် နိုင်ငံတကာအသိုင်းအဝန်းအချို့မှ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားပြဿနာကိုသတိမမူပဲ ၄င်းတို့၏စီးပွားရေးအကျိုးအမြတ်ကို မျှော်ကိုးပြီး ဝင်ရောက်ဖို့ကြိုးစားနေသည်ကိုတွေ့ရှိရသည်။

"ကော်နီးတအာင်း"အွန်လိုင်းစာစောင်သည် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးသတင်းမှတ်တမ်း နှင့် သုတေသနဌာနမှ ထုတ်ဝေခြင်းဖြစ်ပါသည်၊ ကော်နီးတအာင်း စာစောင်တွင် အသုံးပြုထားသော သတင်းများ။ ဆောင်းပါးများ။ ကျန်မာရေး နှင့် ပတ်သက်သော စာများကို အကြောင်းမျိုးကြောင့် ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း မပြုနိုင်သည်ကို မူပိုင်များ အနေဖြင့် နာလည်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်၊



## တအာင်းအမျိုးသားရေးခေါင်းဆောင် မိုင်းအိုက်ပန်းအတွက် ၁၀နှစ်ပြည့်တရားနာဆွမ်းသွတ် အမျှဝေ



rdlf t lu yef t wGf10Epf yn lv&m;em q Cfo Gft rS0

ဇူလိုင်လ(၁၁)ရက်အင်္ဂါနေ့တွင် ထိုင်းမြန်မာနယ်စပ်တစ်နေရာ၌ တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ တက်ကြွလှုပ်ရှားသည့်လူငယ်များ၊ပလောင်အမျိုးသမီးအစည်းအရုံးမှအမျိုးသမီးအင်အားစုများ ရပ်မိရပ်ဖအချို့တို့မှပူးပေါင်း၍ ကျဆုံးလေပြီးသော တအာင်းတော်လှန်ရေး ခေါင်းဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော မိုင်းအိုက်ပန်း(ဗီဒါင်ပါန်) အားရည်ဖူး၍ သတိရလွမ်းဆွတ်ခြင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ် ဆွမ်းသွတ်တရားနာ ရေစက်ချပြီး ကောင်းမှု ကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

မိုင်းအိုက်ပန်းသည် ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စစ်အစိုးရ၏ မတရားဥပဒေများဖြင့် မော်လမြိုင် အကျဉ်းထောင်၌ ဖမ်းဆီးထောင်ချမတရားအပြစ်ပေးခြင်းခံခဲ့ရသည်။ မိုင်းအိုက်ပန်းအား ဖမ်းဆီးထိန်းသိမ်းစဉ်စစ်ကြောရေးကာလတွင်လည်း လူသားမဆန်စွာ ညှဉ်းပန်းခြင်း၊ ထောင်တွင်း ပုံစံကြီး ပုံစံငယ် အမျိုးမျိုး၏ဒဏ်များ..ထောင်တွင်းရောက်ရှိစဉ် ထောင်ပြင်ဘဝမှ ရှိထားသော ရေဖျင်းရောဂါ အတွက် ဆေးဝါးကုသမှု အခွင့် အရေးလုံးဝမရှိခဲ့ခြင်းစသည့် လူသားချင်းစာနာမှုမရှိသော ထိန်းသိမ်းချုပ်နှောင်ခံခဲ့ရခြင်းတို့ ကြောင့် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်တွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့ရသည်။

မိုင်းအိုက်ပန်းသည် မြန်မာပြည်တွင်းရှိ တတ်ကြွသည့် တအာင်းလူငယ်များအား အမျိုးသားရေးအတွက် ထိုင်းနိုင်ငံလွတ်မြောက်နယ်မြေသို့ ဦးစွာလမ်းပြခေါ်ဆောင်လာသူတစ်ဦးဖြစ်သည့်အပြင် တအာင်းကျောင်းသား နှင့်လူငယ်များအစည်းအရုံး၊ တအာင်းအမျိုးသမီးအစည်းအရုံးတို့ အားသန္ဓေတည်ပေးခဲ့ပြီး အမျိုးသားရေးလမ်းစများပေါ်ထွန်းလာစေရန် ကနဦး တည်ထောင်ခဲ့သူလည်းဖြစ်သည်။

ထိုကဲ့သို့ရှုပ်ရှုပ်ချွန်ချွန်ဖြင့် ရှေ့ဆောင်လမ်းပြ လမ်းစချပေးခဲ့သော တအာင်းအာဇာနည်ပုဂ္ဂိုလ်လည်းဖြစ် မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် မိမိအမျိုးသား တိုင်းရင်းသားလူမျိုးဖြစ်သော တအာင်းလူငယ်များအား ပြုစုပျိုးထောင် ပေးခဲ့ပြီး ဒီမိုကရေလှုပ်ရှားမှု အင်အားစုထဲသို့ ဒီမိုကရေစီကျကျလှုပ်ရှား အားအင်ဖြည့်ပေးနိုင်ခဲ့သူ စံပြခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သောကြောင့်. တအာင်းလူမှု အခြေပြု အင်အားစုများ၊လူငယ်အင်အားစုများ၊ အမျိုးသမီးအင်အားစုများက ဦးဆောင်၍ နှစ်စဉ်နှစ်တိုင်း ဆွမ်းသွပ်တရားနာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်မှာလည်း၁၀နှစ်တင်းတင်းပြည့်လာခဲ့ပြီဖြစ်သည်။

နောင်လာနောင်သားတအာင်းမျိုးဆက်များ၊တအာင်းမျိုးချစ်များ စံနမူနာယူစရာ အတုယူလေးစားအားကျ စေရန်အပြင် တအာင်းအမျိုးသားတစ်ရပ်လုံးလွတ်မြောက်ရေးနှင့် မြန်မာပြည်တစ်ပြည်လုံးရှိတိုင်းရင်းသားများ ငြိမ်းချမ်းစွာနေနိုင်စေရေး အသက်ပေးစပ်၍ အနစ်နာခံသော စံပြအာဇာနည်တစ်ဦးအဖြစ် မျိုးဆက်သစ်တိုင်း၏ နှလုံးသားတွင် မှတ်ကျောက်တင်ကာအမျိုးသားအလံနှင့်အတူနှစ်စဉ် အလေးပြုအခမ်းအနားကျင်းပခဲ့ကြသည်။

၂၀၀၁ခုနှစ်တွင် စစ်အစိုးရမှ ၁၉၀၈(မတရားအသင်းအက်ဥပဒေ)၁၇(၁)၊ ၁၇(၂) မည်သူမဆို မတရားအသင်း၏ အဖွဲ့ဝင်ဖြစ်လျှင်(သို့)ယင်းအသင်း၏အစည်းအဝေး၌ပါဝင်ဆောင်ရွက်လျှင်(သို့) ယင်းအသင်းအတွက် ဝင်ကြေးထည့်ဝင်၊ ရယူ၊တောင်းခံလျှင် (သို့)တနည်းနည်းဖြင့် ယင်းအသင်း၏လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီမှုပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ။

၁၂၁၊၁၂၂(၁)၊၁၂၂(၂) (နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း)နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ပြစ်ဒဏ်များ၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ၅၀၅(ခ) အများပြည်သူ၏ အကျိုးပျက်စီးစေမှုကို ဖြစ်ပေါ်သော ဖေါ်ပြချက်များကိုလက်ဝယ်ဖမ်းဆီးရရှိမှု ဥပဒေအစရှိသည့် မတရားဥပဒေများဖြင့် ခေါင်းစဉ်တပ်ကာ မိုင်းအိုက်ပန်းအား ဖမ်းဆီးထောင်ဒဏ်တပ် မတရား အပြစ်ပေးခဲ့သည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

## မျှစ်ခြောက်လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်များ ဆိုးရွားစွာထိခိုက်ပျက်စီး



မျှစ်ခြောက်ထုတ်လုပ်သောပုံ

၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်ပြီး ရှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင်အတွင်း မျှစ်ခြောက်လုပ်ငန်းလုပ်ကိုင်သူ များပြားလာသည်ကို တွေ့ရပါသည်။ ထိုမျှစ်ခြောက်လုပ်ငန်းသည် မျှစ်နစတင်ပေါ်ချိန် ဇွန်လမှစပြီး စက်တင်ဘာလ ကုန်တဲ့အထိဖြစ်ပြီး လုပ်ကိုင်သူအများစုမှာ အာဏာပိုင်များနှင့် နီးစပ်သော တရုပ်လုပ်ငန်းရှင်များ ဖြစ်ကြသည်။

မျှစ်ခြောက်လုပ်ကိုင်သူအများစုသည် လုပ်ငန်းလိုင်စင်များမလျှောက်ကြပဲ ခိုးလုပ်နေသူများကများကြောင်း တွေ့ရသည်။ ထိုမျှစ်လုပ်ငန်းများကြောင့် ဒေသတွင်းရှိ မျှစ်များကို အလုအယက် ခုတ်ယူနေကြသောကြောင့် ဝါးတောများ ပြုန်းတီးသွားသည့်အပြင် မျှစ်များကို အခြောက်လုပ်ချိန်တွင် ကန့်နှင့်ထင်းများကို အသုံးပြုနေသည့်အတွက် ထွက်ရှိလာသော မီးခိုးနှင့် အနံ့များက ဒေသခံများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည် ဟုသိရသည်။

ဒေသခံတစ်ဦးရဲ့ ပြောပြချက်အရ " ကျတော်တို့ရွာဘေးမှာ မျှစ်ဖိုနှစ်ဖိုရှိတယ် နှစ်ခုလုံးက တရုတ်တွေပဲ တစ်ဖိုက ကျတော်တို့ပန်ချင်းရွာကပ်ရပ်ပဲ။ ဒါကြောင့် အဲဒီမျှစ်ဖိုက ထွက်လာတဲ့ ကန့်အနံ့နဲ့ မျှစ်အနံ့တွေက တော်တော် အနံ့ ဆိုးတယ်ဗျ။ ပြီးတော့ စွန့်ပစ်အညစ်အကြေးတွေကြောင့် ခြင်တွေပေါ်ပြီး ငှက်ဖျားရောဂါကိုလည်း ဖြစ်စေတယ်လေ။ မျှစ်တွေကလည်း စားဖို့တောင် မကျန်သလောက်ပဲ။ ဝါးတောတွေကတော့ ကုန်သလောက်ကိုရှိနေပြီ" ဟုသိရသည်။

မျှစ်ခြောက်လုပ်ငန်းသည် လားရှိုးပတ်ဝန်းကျင်တွင် အများဆုံးဖြစ်ပြီး လားရှိုး-မန်စံလမ်းတစ်လျှောက်တွင် မျှစ်ဖို ၅ ဖို လောက်ရှိကြောင်းရှိပြီ ထိုမျှစ်ခြောက်များကို တရုတ်ပြည်သို့ တင်ပို့နေကြောင်းသိရသည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး



တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး ထုတ်ဝေသည်။

## အစိုးရစစ်ကြောင်းမှ ဒေသခံများ၏ လက်ဝတ်ရတနာများနှင့် လူ့အသုံးအဆောင်ပစ္စည်းများလုယူ



ဗမာစစ်သားများ ရွာထဲဝင်စီးသောပုံ

၂၀၁၂-ခုနှစ်၊ဇူလိုင်လ(၂၅)ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန်တုံမြို့နယ် ပန်ဆွေကျေးရွာတွင်း စစ်ကြောင်းထွက်နေသော ကျောက်မဲအခြေစိုက် ခမရ(၅၀၁) တပ်ရင်းသည် ဒေသခံ အိမ်ဆိုင်ပစ္စည်းများနှင့်အိမ်တွင်းရှိလက်ဝတ် ရတနာသေတ္တာ ဖောက်ထွင်းကာ လုယက်သိမ်းယူသွားကြောင်းသိရှိရသည်။

ပန်ဆွေကျေးရွာရှိ ကူန်ဆာ(ခ)ဦးနေအောင် အိမ်အတွင်း စစ်သားများက ဝင်ရောက်မွှေနှောက်ပြီး လက်ဝတ်ရတနာများ ခြိမ်းခြောက်ယူဆောင်သွားကြောင်း သိရသည်။

"စစ်သားတွေက ပထမတော့ ကူန်ဆာမိသားစုကို လက်နက်ကိုင်တွေနဲ့ အဆက်အသွယ်ရှိတယ် မသ်ကာဘူးလို့ပြောပြီး အိမ်ထဲမှာ ဝင်ရှာတယ်.. ဘာမှတော့မတွေ့ဘူး. နောက်ဆုံး သေတ္တာကိုဖွင့်ခိုင်းတယ်.. အိမ်ရှင်က သူတို့ရဲ့ လက်ဝတ်ရတနာပဲရှိတယ်လို့ပြောလည်း စစ်သားတွေက သေနတ်ပြောင်းဝ နဲ့ခြိမ်းခြောက်ပြီး သူတို့ဖာသာသူတို့သော့ကို ရိုက်ဖွင့်လိုက်တယ် ပြီးတော့ သေတ္တာထဲကနေ ရွှေလက်စွပ်(ကျပ်၄သိန်းတန်)တကွင်းနှင့် နံ့င့် လို့ခေါ်တဲ့ တအာင်းရိုးရာ မိန်းကလေး ခါးပတ် ငွေသားအကွင်း(ကျပ်တစ်သိန်းကျော်တန်)တွေယူသွားတယ်...အိမ်ရှင်က ခါးပတ်သည် ၄င်းတို့ဘိုးဘွားပေးခဲ့သည့် အမွေဖြစ်ကြောင်း ငိုယိုတောင်းပန်သော်လည်း သူတို့ပြန်မပေးဘူး" ဟုဒေသခံမျက်မြင် တဦးမှပြောပြခဲ့သည်။

ထိုအပြင် စစ်အင်အား၉၀ကျော်ရှိသော ကျောက်မဲအခြေစိုက် ခလရ(၅၀၁) သည် ကျေးရွာတွင်းရှိ ဈေးဆိုင်သုံးဆိုင်ကို ဝင်ရောက်မွှေနှောက်က သူတို့လိုချင်တာမှန်သမျှ ဆိုင်ရှင်ခွင့်ပြုချက်မပါပဲ ယူငင်သိမ်းပိုက်သွားသည့်အပြင် ဆိုင်ရှင်ကိုပါ လက်နက်ပြ ခြိမ်းခြောက်ခဲ့သည်ဟုလည်းသိရသည်။

"ရွာထဲက ဈေးဆိုင်သုံးဆိုင်ကို စစ်သားတွေက လူစုခွဲပြီးဝင်တယ်.. အဲမှာသူတို့ရဲ့အထက်အရာရှိက ဆိုင်ထဲက ပကဗအစိမ်းရောင်ဘောဖိနပ်တွေကိုယူ ပြီးစစ်သားတွေကိုတစ်ယောက်တစ်ရံဝေပေးတယ်..နောက်ပြီးဆေးလိပ်၊ဘီယာ၊မုန့် နှင့်တခြားတန်ဖိုးရှိပစ္စည်းများမှန်သမျှကို စိတ်တိုင်းကျ အကုန်လုံးယူသွားတယ်၊ ကျနော်တို့က ပိုက်ဆံရှင်းပေးဖို့ပြောတော့ သေနတ်နဲ့ပြန်ချိန်ပြီး ဘာလို့ပေးရမလဲ၊ ဘာမှလည်းရှင်းစရာမလိုဘူးဆိုပြီး ထွက်သွားကြတယ်" ဟုဆိုင်ရှင်တဦးမှ ပြောပြခဲ့သည်။

ပန်ဆွေကျေးရွာရှိဈေးဆိုင်သုံးဆိုင်တွင် ဦးကူန်အဆိုင်(ဦးပေါ်စိန်)ဆိုင်မှ တန်ဖိုး ကျပ်၂သိန်းကျော်၊ ကူန်ဖိုး(ဦးပေါ်ဖြိုး) မိသားစုဆိုင်မှ ကျပ်၃သိန်းကျော် နှင့် ကူန်ဂျိုင်ချံန်(ဦးငြိမ်းချမ်း) မိသားစုဆိုင်မှ တန်ဖိုးကျပ်၃သိန်းကျော် ဆုံးရှုံး သွားကြောင်း သိရှိရသည်။

မန်တုံမြို့နယ်တပိုက်ရှိကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်မိုး ရာသီတွင် ကျေးရွာတွင်းရှိ အိမ်ဆိုင်များ ကိုသာ အမှီပြုနေရသည့်အပြင် ယခုလို လုယူသိမ်းပိုက်မှုမျိုးမကြာခဏဆိုသလိုဖြစ်လာသည့်အတွက် တချို့အိမ်များမှာ မိမိပိုင်အဖိုးတန်ရိုးရာလက်ဝတ်ရတနာများကို အိမ်အတွင်းမထားရဲတော့ပဲ အခြားလုံခြုံသည့် နေရာများသို့ ပြောင်းရွှေ့ထားရကြောင်း သိရှိရသည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

## ခလရ-၁၄၄စစ်ဗိုလ်ကြီးနှစ်ဦးမှ ဆော်ရမ်ရွာသား(၈)ဦးအား ထိုးကြိတ်ရိုက်နှက်

၂၀၁၂ခုနှစ်၊ဩဂုတ်လ၁၂ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊နမ့်ခမ်းမြို့နယ် လွယ်ချက်အုပ်စု၊ ဆော်ရမ်ကျေးရွာကြားစခန်းအဖြစ် အခြေစိုက်သော ခလရ-၁၄၄မှ တာဝန်ရှိ ဗိုလ်ကြီးမျိုးနိုင်အောင် နှင့် ဗိုလ်ကြီးဝင်းမိုးတို့သည် ဆော်ရမ် ရွာသူရွာသားများကို လုပ်အားပေးစေခိုင်းသည့်အပြင် ရွာသား(၈)ယောက်ကို ထိုးကြိတ်ရိုက်နက်ခဲ့ကြောင်း သိရှိရသည်။

ရိုက်နှက်နေချိန်တွင် ကျေးရွာလူကြီးများ လာရောက်တောင်းပန်သော်လည်း ဂရုမပြုဘဲ တပ်ကြိုးဝိုင်းအတွင်း ဝင်လာပါက သေနတ်ဖြင့်ပစ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရွာသား(၈) ဦးအား လက်သီး၊စစ်ဖိနပ်များဖြင့် တစ်နာရီနီးပါး ထိုးကျိတ် ကန်ကျောက်ခဲ့ကြောင်းသိရှိရသည်။





ဖြစ်ပွားပုံမှာ ဩဂုတ်လ ၆ရက်နေ့တွင် ထိုစစ်ဗိုလ်ကြီးနှစ်ဦးသည် (၂၁) မိုင် (ဒေသတွင်းအခေါ်) တွင် စစ်တပ်အတွက် ရိက္ခာများ သယ်ယူရန်ဆိုပြီး ရွာသားနှင့်မြင်းများအား ပေါ်တာအဖြစ်ဆွဲခဲ့သည်။

" ကျနော်တို့ ၂၁ မိုင်ရောက်တော့ စစ်တပ်ရိက္ခာတွေမဟုတ်ပဲ တရုတ်လောပန်း(သဌေး)တွေရဲ့ ပစ္စည်းတွေဖြစ်နေတယ်၊ နောက်ပြီးတချို့လည်း ဗိုက်အရမ်းစာနေကြတော့ အားလုံးမသယ်ပြီးခင် ပြန်သွားကြတယ်၊ တကယ်တမ်းကျတော့ ဗိုလ်ကြီးနှစ်ယောက်ကို တရုတ်လောပန်းတွေက ပစ္စည်းသယ်ခ မြင်းတစ်ကောင်ကို ကျပ်ငွေ၄ါးသောင်း ပေးတယ်လို့ သိရတယ်၊ ကျတော်တို့ကိုကြတော့ ကိုယ့်ထမင်းကိုယ်စားခိုင်းပြီး ကိုယ့်မြင်းနဲ့ပါ ပစ္စည်းတွေသယ်ခိုင်းတော့ ဘယ်သူက လုပ်ချင်မလဲ၊ ရွာသားတွေ ပြန်သွားတာကို စိတ်ဆိုးပြီးအခုလိုခေါ်ပြီး ရိုက်နှပ်ခဲ့တာဖြစ်တယ်" ဟုရွာသားတစ်ဦးမှ ပြောပြခဲ့သည်။

ဩဂုတ်လ ၁၂ရက်နေ့တွင် လုပ်အားပေးရန် ရွာသူရွာသား (၁၇)ယောက်ကို တက်လာခိုင်းပြီး အမျိုးသမီးများအား အိမ်ဘက်သို့ပြန်စေလွှတ်ခဲ့ကာ ကျန်ရွာသားရှစ်ယောက်ကို သေနတ်နှင့်ချိန်ပြီး ပုံစံဖြင့်တန်းစီခိုင်းကာ ရိုက်နက်ခဲ့သည်။

ဗိုလ်ကြီးမျိုးနိုင်အောင် နှင့် ဗိုလ်ကြီးဝင်းမိုးတို့သည် ကြားစခန်းတွင် ၂လနီးပါးလောက်သာ လာရောက်တာဝန် ထမ်းဆောင်ရ သေးသော်လည်း အာဏာနှင့်လက်နက်အားကိုယ်းပြီး ရွာသားများအပြင် ရပ်ရွာလူကြီး မိဘများနှင့် ရွာအုပ်ချုပ်ရေးမှူးကိုပါအကြောင်းမဲ့ကိုယ်ထိလက်ရောက် စော်ကားနေတတ်ကြောင်း ဒေသခံများမှ ပြောပြချက်အရ သိရသည်။

ခလရ-၁၄၄ ကြားစခန်းသည် ယခုမှ ပေါ်တာဆွဲ၊ လူထုကိုညင်းပန်းနှိပ်စက်သည် မဟုတ်ပဲ ယခင်ကတည်းက အမြဲတမ်း လိုလို လုပ်အားပေးစေခိုင်းမှုများလည်းရှိခဲ့ သည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး





## လားရှိုးသစ်တောဝန်ထမ်းများ အဆမတန်အခွန်ကောက်နေ



လားရှိုးသစ်တောဝန်ထမ်းများ အဆမတန်အခွန်ကောက်နေ

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-နမ္မတူလမ်းမပေါ်တွင် တောထွက်ပစ္စည်းများအပေါ် အခွန်ကောက်ခံရန်အတွက် လက်ရှိသစ်တောရုံးတွင် တာဝန်ထမ်းဆောင်နေသော စစ်တပ်ထွက် သန်းစိုးသည် မြို့တွင်း ဝင်လာသည့် ကား၊ထော်လာဂျီ၊နွားလှည်းများအပေါ် နိုင်ငံတော်က ပြဌာန်းပေးခဲသည့် အခွန်နှုံးထက် အဆမတန်ကောက်ခံနေ လျက်ရှိကြောင်းသိရသည်။

သစ်တောဦးစီးဌာနကပြဌာန်းပေခဲ့သည့် ပမာဏထက် ၅ ဆ ကောက်ခံနေပြီး မပေးဆောင်လျှင် ပြဿနာရှာပြီး ဖမ်းဆီးထောင်ချပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုနေကြောင်းဒေသခံထော်လာဂျီသမားတစ်ဦးရဲ့ပြောဆိုချက်အရ သိရပါသည်။

အများအားဖြင့် တင်ဆောင်လာသော တောထွက်ပစည်းများမှာ မီးသွေး၊ ထင်း၊ မျှော်တိုင်၊ ခြံတိုင်၊ အိမ်တိုင်၊ ဝါးလုံး၊ သက်ကယ်များဖြစ်ကြပြီး ဒေသခံများ ရဲ့စားဝတ်နေရေးအတွက် မရှိမဖြစ်သော လိုအပ်ချက်များ ဖြစ်ပြီး ယခုလို အဆမတန် အခွန်တွေကောက်နေခြင်းမှာ ဒေသခံများအတွက်အခက်အခဲဖြစ်သလို၊ ထော်လဂျီနှင့်ကားသမား များအတွက်လည်း အလုပ်အကိုင်အခက်အခဲ ဖြစ်နေကြကြောင်းသိရသည်။

"ကျနော်တို့ မြို့က လျှပ်စစ်မီးသုံးဖို့ လုံလောက်မှုမရှိတော့ ထင်းတို့မီးသွေးတို့ကိုသာ သွားဝယ်သုံးရတယ်လေ။ ပြီးတော့ လူအများစုက တိုက်အိမ်လည်းမဆောက်နိုင်တော့ မျှောတိုင်၊ ဝါး၊ သက်ကယ်ပဲသုံးရတာပေါ၊ နိုင်ငံတော်က ပြဌာန်း ထားတဲ့အတိုင်းကောက်ခံနေရင်တော့ ပေးပျော်ပါတယ်၊ ဒါပေမဲ့ အခုလိုသူတို့အိပ်ကပ်ထဲထည့်ဖို့နဲ့ ဘီယာသောက်ဖို့အတွက် ကတော့ မပေးနိုင်တာ အမှန်ပဲဗျာ"ဟု ကားသမားတဦးမှပြောပြခဲ့သည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

## စစ်အစိုးရတပ်မှ နမ့်ဆန်မြို့နယ်တွင်းရှိ ကျေးရွာဥက္ကဌများအား ခေါ်ယူမေးမြန်းစစ်ဆေး

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်ရှိအစိုးရ တပ်စခန်းမှ (နမ္မတူတပ်ရင်း-၃၂၄) လက်အောက်ခံ တာဝန်ရှိသူ ဗိုလ်ကြီးဝဏ္ဏသူ ဦးဆောင်ပြီး ဩဂုတ် ၁၀-ရက်နှင့် ၁၁-ရက်တွင် နမ့်ဆန်နယ်ရှိ ကျေးရွာဥက္ကဌများကို ခေါ်ယူမေးမြန်း စစ်ဆေးပြီး စိတ်အခန့်မသင့်သည့် ပုဂ္ဂိုလ်များကို ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်နှက်ညှင်းပန်းခြင်းများ ပြုလုပ်နေပါသည်။

ယင်းသို့ပြုလုပ်ရာတွင် ထာမ်ဆိုင်ကျေးရွာအတွင်းရေးမှူးအား ကိုယ်လက်များ နာကျင် စေသည့်အထိ ညှင်းပန်းနှိပ်စက် ခဲ့ကြောင်း သိရှိရသည်။ မျက်မြင်သက်သေတစ်ဦး ပြောဆိုချက်အရ သူတို့က(ဗိုလ်ကြီးဝဏ္ဏသူနှင့်အဖွဲ့)က ရွာဥက္ကဌတွေကို အလှည့်ကျ ခေါ်ယူ စစ်ဆေးရာမှာ ထာမ်ဆိုင်ရွာအလှည့်ရောက်တော့ ဥက္ကဌအစား အတွင်းရေးမှူးကဝင်ပြီး အမေးမြန်းခံရာမှာ ရွာအတွင်းရေးမှူးအား မဆိုင်ဝင်ရောက်ဖြေဆိုသည်ဆိုပြီး အခန်းပြင် ဘက်ရောက်သည့်အထိ ၄င်းတို့အဖွဲ့က ရိုက်နှက်ပိတ်ကန်လိုက်သည်ဟု သိရသည်။ အမှန်မှာ ထာမ်ဆိုင်ကျေးရွာ ဥက္ကဌသည် ဗမာစကားကို ကောင်းစွာပြောဆိုနိုင်ရန်အခက်အခဲဖြစ်သည့်အတွက် အတွင်းရေးမှူးမှကူညီပေးခြင်းသာဖြစ်သည်။

" သူတို့အဓိကမေးတာတော့ TNLAတအာင်း(ပလောင်)အမျိုးသားလွတ်မြောက်ရေးတပ်မတော် အကြောင်းပေ့ါဗျာ၊ TNLA ကို ဘယ်လိုမြင်လဲ၊ အဲဒီမှာ ဘယ်သူတွေ ဦးဆောင်လဲ ဘယ်ရွာဘယ်သူသားတွေပါဝင်ကြလဲ၊ ပြီးခဲ့တဲ့လပိုင်းတုန်းက TNLAတွေ ရော်လဲတိုက်နယ်ဘက် ရောက်ခဲ့ကြသေးတယ်မဟုတ်လား ဘာဖြစ်လို့ တပ်ကိုအကြောင်းမကြားကြတာလဲ ဆိုတာလဲ သူတို့တွေက မင်းတို့ကို ဘာတွေကျွေးထားလို့ သူတို့တွေကို လက်ခံထားကြရလဲ....ဆိုတာတွေကို အဓိက ထားပြီး စစ်ဆေးမေးမြန်းတယ်"သည်ဟု ရွာဥက္ကဌတစ်ဦးမှ ပြောဆိုသည်။

နမ့်ဆန်တွင် စစ်စခန်းရှိသော်လည်း ၄င်းအဖွဲ့သည် ဥက္ကဌများကို စခန်းတွင် စစ်ဆေးမေးမြန်းချင်းမလုပ်ပဲ ဗိုလ်ကြီး(ဟောင်း) သန်းထွန်း ဦးဆောင်သည့် တပ်မတော်အချိုးခြောက်စက်ရုံတွင်သာ ခေါ်ယူစစ်ဆေးခဲ့ရာမှာ သံသယရှိ စရာဖြစ်နေသည်ဟု လည်း အဆိုပါဥက္ကဌများက ဆိုကြသည်။

၁၀ ၈- -၂၀၁၂-တွင် အရှေ့မြောက်ခြမ်းနှင့်မြောက်ခြမ်း၊ ၁၁- ၈-၂၀၁၂ တွင် နမ့်ဆန်အရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း၊ နှစ်သုတ်ခွဲပြီး စစ်ဆေးနေသည်ဟုသိရသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ရဒေသ နမ့်ဆန်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၃၂-အုပ်စု၊ ကျေးရွာပေါင်း ၁၀၀-ကျော်ရှိပြီး ထာမ်ဆိုင်ကျေးရွာသည် နမ့်ဆန်မြို့၏ အရှေ့တောင်ဘက်ခြမ်း မန်မိုင်အုပ်စုသည် တည်ရှိသည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

**Palaung State Liberation Front**

**ထံပ်အခွံရိုပ်ပိုန်လောတ်ကပိုန်တအာင်း**

PO Box. 406, Chiang Mai 50000, Thailand, Tel: 66 80127 2548 E-mail: palaungpslf@gmail.com


## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး
## “ဗဟိုကော်မီတီ – နှစ်ပတ်လည်အစည်းအဝေး ထုတ်ပြန်ကြေညာချက်”

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F ၏ ဗဟိုကော်မီတီ–နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၆) ရက် နေ့မှ (၈) ရက်နေ့အထိ တအာင်းဒေသလွတ်မြောက်နယ်မြေတစ်နေရာတွင် သုံးရက်တိုင်တိုင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ ဤ နှစ်ပတ်လည် အစည်းအဝေးကြီးသို့ ဗဟိုကော်မီတီအဖွဲ့ဝင်နှင့် တပ်ဦးအဖွဲ့ဝင်ခေါင်းဆောင် ကိုယ်စားလှယ်စုစုပေါင်း (၂၁) ဦး တက်ရောက်ခဲ့ပါသည်။

ဤ နှစ်ပတ်လည်အစည်းအဝေးကြီးတွင် ပြည်တွင်းစစ်မီးဝိုင်းနေသော တိုင်းရင်းသားပြည်သူလူထု၏အခြေအနေ၊ မြန်မာနိုင်ငံပြည်တွင်းပြည်ပအခြေအနေတို့ကို အကြေအလည်သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ ဗဟိုကော်မီတီကို ပိုမိုကျစ်လစ်ခိုင်မာစေရန်ပြင်ဆင်ဖွဲ့စည်းခဲ့ကြပြီး၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် T.N.L.A ၏ စစ်ဦးစီးအဖွဲ့ကိုလည်း တိုးချဲ့ဖွဲ့စည်းကာ နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ မူပေါ်လစီလုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ ကြပါသည်။

၂၀၀၅ ခုနှစ် တွင် ယခင် စစ်အုပ်စု၏ ဒု–ဝန်ကြီးချုပ် ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန် –လက်ရှိ သမ္မတ ကိုယ်တိုင် ပလောင်လက်နက်ကိုင်တပ်ဖွဲ့ကို အင်အားသုံး အတင်းအဓမ္မဖြုတ်ချခဲ့ပြီး ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ဟန်ပြပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေးခဲ့ပါသည်။ သို့သော်လည်း တအာင်းဒေသတွင် မြန်မာ့တပ်မတော်တပ်ဖွဲ့၏စစ်ရေးလှုပ်ရှားမှုနှင့် မူးယစ်ဆေးဝါးပြဿနာများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများမှာ အလွန်နိမ့်ကျလျက်ရှိသည်။ ထိုကြောင့် ပြည်သူလူထုကို ကာကွယ်နိုင်ရန်နှင့် အောင်မြင်မှု မရရှိသေးသော တအာင်းအမျိုးသားနိုင်ငံရေးကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် P.S.L.F ၏နိုင်ငံရေးဦးဆောင်မှုဖြင့် ယခင် P.S.L.A မျိုးချစ်စစ်ခေါင်းဆောင်အချို့နှင့် တပ်ဖွဲ့ဝင်များအပါအဝင် တအာင်းပြည်သူများကိုစည်းရုံးကာ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် T.N.L.A ကို ၂၀၀၉ ခုနှစ်မှစတင်၍ ပြန်လည်ဖွဲ့စည်းလှုပ်ရှားခဲ့ပါသည်။

T.N.L.A၊ K.I.A နှင့် S.S.A တပ်ဖွဲ့တို့၏စစ်ရေးပူးပေါင်းမှုကို ထိုးစစ်ဆင်ရန်အတွက် တအာင်းဒေသသို့ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ့်လန်၊ လားရှိုး၊ ကွတ်ခိုင် ရှိ မြန်မာ့တပ်ရင်းတပ်ဖွဲ့များ မိုပိုတိုးချဲ့လှုပ်ရှားနေခြင်းကြောင့် တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားလျက်ရှိပြီး စစ်ပွဲဒါဏ်ကြောင့် တအာင်းမိဘပြည်သူတို့၏ ဘဝလုံခြုံမှုအတွက် ဦးသိန်းစိန် အစိုးရ၏မြန်မာ့တပ်ဖွဲ့လုပ်ရပ်များကို P.S.L.F ဗဟိုကော်မီတီ–နှစ်ပတ်လည်အစည်းအဝေးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ လိုက်ပါသည်။

ထိုပြင် ဦးသိန်းစိန် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို ဝေဖန်သုံးသပ်ခဲ့ကြပြီး၊ မြန်မာပြည်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့်ဆွေးနွေးရာတွင် အမျိုးသားတန်းတူညီမျှရေးကိုအခြေခံပြီး တိုင်းရင်းသားလူမျိုး အားလုံးပါဝင်နိုင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ရန်လိုအပ်ကြောင်း ဆွေးနွေးသဘောထားချမှတ်ခဲ့ပါသည်။

ထို့ကြောင့် မြန်မာပြည်၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဦးသိန်းစိန် အစိုးရအား P.S.L.F ဗဟိုကော်မီတီ – နှစ်ပတ်လည်အစည်းအဝေးကြီးမှ အောက်ပါတောင်းဆိုချက်များကို အလေးအနက်တောင်းဆိုလိုက်ပါသည်။

(၁) တအာင်းဒေသအတွင်း မြန်မာတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းပြီး ထိုးစစ်ဆင် စစ်ရေးလှုပ်ရှားမှုများ ချက်ချင်းရပ်တန့်ပေးရန်။
(၂) တပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်ခတ်ရပ်စဲမှုများပြုလုပ်ရန်။
(၃) တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အမြန်ဆုံးပြုလုပ်ရန်။

ဗဟိုကော်မီတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (**P.S.L.F**)
၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၂ ခုနှစ်။
ဆက်သွယ်ရန် – (၈၆) ၁၃၁ ၈၇၄၀ ၈၀၆၁၊ (၈၆) ၁၈၃ ၁၃၄၆ ၈၇၃၀





## တအာင်းလုပ်ငန်းအဖွဲ့မှ ၄၁ကြိမ်မြောက်တအာင်းစာပေနှင့်ယဉ်ကျေးမှုနေ့ ကြေငြာချက်ထုတ်ပြန်

ဩဂုတ်လ (၃၀)ရက်နေ့တွင် ကျရောက်သည့် (၄၁)ကြိမ်မြောက် တအာင်း (ပလောင်) စာပေယဉ်ကျေးမှု နေ့ ထူးနေ့မြတ်တွင် မိမိတို့အဝေးရောက်တအာင်းညီအစ်ကိုမောင်နမများမှ ဤထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန် လိုက်ပါသည်။

ပထမဦးဆုံး တအာင်းစာပေပေါ်ပေါက်လာစေရန် ကြိုးပမ်းခဲ့သူမှာ အမေရိကန်သူ မစ္စတ္တလင်းဆိုသူဖြစ်ပြီး ရောမဗျည်း အက္ခရာကို အခြေခံ၍ ၁၉၁၂ခုနှစ်တွင် စတင်တီထွင်ပေးခဲ့ပါသည်။ ထို့နောက် ၁၉၁၈မှစ၍ ရဟန်းရှင်များ၊ ပညာရှိပုဂ္ဂိုလ်များ စုစုပေါင်း (၁၃)ဦးတို့မှ တအာင်းစာပေကို မွန်-မြန်မာ-ရှမ်းအက္ခရာ အမျိုးမျိုးတို့ဖြင့် တီထွင်ရေးသားခဲ့ကြပါသည်။ ထို့ပြင် စာပေယဉ်ကျေးမှုကော်မတီများနှင့် တက္ကသိုလ်ကျောင်းသူ၊ သားများမှ တအာင်းစာပေ အတည်ပြုနိုင်ရန်အတွက် အစည်းအဝေးအကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။

၁၉၇၂ ခုနှစ် ဆရာကြီး ဦးပေါ်စံ တီထွင်ခဲ့သော မွန်-မြန်မာအက္ခရာကို အသုံးပြုရန်သဘောတူခဲ့ပြီး ဩဂုတ်လ ၃၀ရက်နေ့ကို တအာင်းစာပေယဉ်ကျေးမှုနေ့အဖြင့်သတ်မှတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးတိုင်းတွင် စာပေနှင့်ယဉ်ကျေးမှုသည် အဓိက အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ စစ်အစိုးရအုပ်ချုပ်မှု အောက်တွင် တအာင်းစာပေယဉ်ကျေးမှုနေ့ကို ကျင်းပခဲ့သော်လည်း ဒေသခံ အာဏာပိုင်များ၏ နည်းလမ်း အမျိုးမျိုးဖြင့် ကန့်သတ်ချုပ်ချယ်ခံခဲ့ရသည်။

ထို့ပြင် တအာင်းစာပေ သင်ကြားပို့ချခွင့်ကိုလည်း တအာင်းပြည်သူလူထုများကြားတွင် လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခွင့်မရရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ယနေ့ကျရောက်သည့် (၄၁) ကြိမ်မြောက် တအာင်းစာပေယဉ်မှုနေ့တွင် မိမိတို့တအာင်းစာပေနှင့် ယဉ်ကျေးမှုကို တရားဝင် ပို့ချသင်ကြားရေး၊ ရိုးရာယဉ်ကျေးမှု မြှင့်တင်ရေးနှင့် စာပေယဉ်ကျေးမှုနှင့်ပတ်သက်သည့် အခန်းကဏ္ဍတိုင်း တွင် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် လက်ရှိအစိုးရမှ အကန့်အသတ်မရှိဘဲ လုပ်ခွင့်ပြုပေးရမည်။ တအာင်း(ပလောင်) အမျိုးသားပါတီသည်လည်း တအာင်းစာပေယဉ်ကျေးမှုနှင့်ပတ်သက်၍ မြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များနှင့် နည်းဗျူဟာများ တိတိကျကျချမှတ်သွားပြီး အကောင်အထည်ဖော်ဆောင်သွားရန် အကြံပြုနိုးဆော်အပ်ပါသည်။




အမှန်တကယ် ငြိမ်းချမ်းသော တအာင်းလူ့အဖွဲ့အစည်းများရှေးရှု၍ တအာင်းစာပေယဉ်ကျေးမှု ရည်မှန်းချက် ပန်းတိုင်မရောက်မချင်း မိမိတို့တအာင်းညီအစ်ကိုမောင်နမအနေဖြင့် တအာင်းပြည်သူလူထုနှင့်အတူ တအာင်း စာပေနှင့် ယဉ်ကျေးမှုအတွက် ကျရာအခန်းကဏ္ဍတိုင်းတွင် တက်တက်ကြွကြွ ဆက်လက် ပူပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းရင်း ဤ (၄၁) မြောက် တအာင်းစာပေယဉ်းကျေးမှုနေ့တွင် လေးစားစွာဖြင့် တိုက်တွန်း နိုးဆော် အပ်ပါ သည်။

သတင်းမှတ်တမ်းနှင့်သုတေသနဌာန
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

# မြစ်ကို အလျားလိုက် ကူးခိုင်းထားခံရသော စုံစမ်းစစ်ဆေးရေးကော်မရှင်



အောင်ထူး (ရှေ့နေ)

ရခိုင်ပြည်နယ် အဓိကရုဏ်းနှင့် စပ်လျဉ်း၍ အမှန်တရားဖေါ်ထုတ်ပေးရန်ပြည်တွင်းလူထုနှင့် နိုင်ငံ တကာ၏ ဖိအားများ ကျရောက်လာပြီး နောက် သမတ ဦးသိန်းစိန် ဦးဆောင်သည့် စစ်အစိုးရသည် အမှန်တရားကို ဖုံးဖိ ထားရန်အတွက် အဖွဲ့အစည်း တခုပြီး တခုကို အသုံးချ ခဲ့သည်။ ပထမ တခုအား ပြည်ထဲရေး ဒုဝန်ကြီး ဦးဆောင် စေခဲ့သည်။ ဖွဲ့စည်း စေလွှတ် စုံစမ်းစစ်ဆေးခဲ့သော်လည်း မည်သည့်အစီရင်ခံစာ တစွန်းတစမျှ ပြည်သူလူထုအတွက် ထွက်ပေါ်ခဲ့ခြင်း မရှိပါ။ ဒုတိယ တခုမှာ လူ့အခွင့်အရေး ကော်မရှင်ဖြစ်သည်။ ယင်းမှာလည်း ပြည်ထဲရေး ဒုဝန်ကြီး ဦးဆောင်သည့် အဖွဲ့နှင့် ခြားနားမှုများစွာ မရှိလှပါ။ အမှန်တရားနှင့် စပ်လျဉ်း၍ အားကိုးလောက်သော အချက်များ ပေါ်ထွက်မလာသည့်အပြင် လူ့အခွင့်အရေးရှုဒေါင့်မှပင် တိကျသည့် သုံးသပ်ချက်များ မထုတ်နိုင်ခဲ့ပါ။ ဟောယခု တတိယ အဖွဲ့တခု လာပြန် ချေပြီ။

ရွာတရွာတွင် ရွာသူကြီး ကိုယ်တိုင်က ပြစ်မှုကျူးလွန်သည် ဟု စွပ်စွဲခံရသော အမှု၌ ယင်းကိုစုံစမ်းစစ်ဆေးရန် အတွက် ရွာသူကြီးက ပထမ ၎င်း၏ ညီကို တာဝန်ပေးလိုက်သည်။ သမတက ခန့်ထားသော ပြည်ထဲရေး ဒုတိယ ဝန်ကြီးသည် ရွာသူကြီး၏ညီအဆင့်ထက် မည်သို့မျှ မပိုပါ။ ဘာတခုမျှ စုံစမ်းစစ်ဆေး ဖေါ်ထုတ်မှု မတွေ့သဖြင့် ရွာသားတွေက မကြေနပ်ကြောင်း ဆန္ဒထုတ်ဖေါ်ကြသည်။ ဤတွင် ရွာသူကြီး က ဒုတိယ ၎င်း၏ တူကို လွှတ်လိုက်ပြန် သည်။ သမတ က ခန့်ထားခြင်းခံရ၊ သမတရုံး၏ အစိပ်အပိုင်းတရပ်အနေဖြင့် ရပ်တည်၊ သမတက ချပေးသော ငွေ ကြေးဖြင့် လုပ်ငန်း လည်ပတ်နေရသော လူ့အခွင့်အရေးကော်မရှင်သည် ရွာသူကြီး၏ တူ အဆင့်ထက် မည်သို့မျှ မပိုပါ။ ရွာသူကြီး၏ တူ သည်လည်း အမှန်တရားပေါ်အောင် ဘာတခုမျှ ထုတ်ဖေါ်ချက်ထွက်မလာသောအခါ ရွာသားတွေက မကြေနပ်ကြောင်းဆက်လက် ဆန္ဒထုတ်ဖေါ်ကြပြန်သည်။ ဤတွင် ရွာသူကြီးက တတိယ အဆင့်အနေဖြင့် မွေးစားဦးလေး တဦး ကို ထပ်မံပြီး စေလွှတ်လိုက်ပြန်သည်။

မွေးစားဦးလေး ဟူ၍ သုံးလိုက်သဖြင့် စာရှုသူအနေဖြင့် မအံ့သြပါနှင့်။ ဦးလေးကို မွေးစားတာမှ မရှိတာ ဟူ၍ စောဒက မတက်ပါနှင့်။ စစ်အာဏာရှင်စနစ်အောက်တွင် မရှိသည့်အရာများ ရှိခဲ့သည်မှာ ကြာလှပါပြီ။ သမတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေး က ဩဂုတ်လ ၁၇ ရက်နေ့ ဘီဘီစီနှင့် အင်တာဗျူး တွင်ပြောကြား သွားသည်ကို လေ့လာကြည့်ပါ။

"အစိုးရချည်းဘဲ အများထောက်ခံမှုမရနိုင်ဘူး။ ပြည်သူလူထု ပါဝင်မှုလည်း အလေးထားရမယ်။"

အများထောက်ခံမှုရစေရန်သာ ရွာသူကြီးက ရွာသားများအနက်မှ ပုဂ္ဂိုလ်အချို့ကို စုံစမ်းစစ်ဆေးစေရန် ဖွဲ့စည်းပေး လိုက်ပြန်ခြင်း ဖြစ်သည်။ ဖြစ်ပွားခဲ့သော အဓိကရုဏ်းကြီးနှင့် စပ်လျဉ်း၍ တာဝန်ရှိမှုကို ဖေါ်ထုတ်ရန် အတွက် ဖွဲ့စည်း ပေးလိုက်ခြင်း မဟုတ်ပါ။ သမ္မတရုံး၏ အမိန့်ကြော်ငြာစာကို အစအဆုံး အသေအချာ ဖတ်ကြည့်ပါ။ ဖြစ်ရပ်မှန် စုံစမ်း စစ်ဆေးစေရန် ဟုသာ ပါရှိပြီး တာဝန်ရှိမှုကို ဖေါ်ထုတ်ရန် ဟူသည် ကို မည်သည့်နေရာတွင်မျှ တွေ့ရမည် မဟုတ်ပါ။ သို့ဖြစ်၍ ဤကော်မရှင်အားလည်း အရေးပေါ်မွေးစားဦးလေးထက် ပို၍ သမတက ကြောက်ရွံ့လေးစားမည် မဟုတ်ပါ။ အဘယ်ကြောင့်ပါနည်း။
ရခိုင်ပြည်နယ်အဓိကရုဏ်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းတာဝန်ပေးမှုဖြစ်စဉ် တစုံလုံးလွဲမှားနေ၍ ဖြစ်သည်။ ရွာသူကြီးကိုယ်တိုင်ပြစ်မှုကျူးလွန်ပါသည် ဟု စွပ်စွဲခံရသော မှုခင်းတွင် စုံစမ်းစစ်ဆေးစေဘို့ အခွင့်အာဏာကို ရွာသူ ကြီး ကဘဲ ကျင့်သုံးပြီး တဖွဲ့ပြီးတဖွဲ့ အသုံးချနေသည်ကိုက လွဲမှားနေပါသည်။ ရွာသူကြီးအား ဖြုတ်ပိုင်ခန့်ပိုင်ခွင့် ရှိသူ က စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့ပေးမှသာ သဘာဝကျ ပါမည်။ နိုင်ငံများတွင် သမတ၊ ဝန်ကြီးချုပ်စသူများကို ဖြုတ်ပိုင်ခွင့် ရှိသူများ၊ အယုံအကြည်မရှိ အဆိုတင်ပိုင်ခွင့် ရှိသူများမှာ လွှတ်တော်နှင့် လွှတ်တော်အမတ်များ ဖြစ်ကြသည်။

ရွာသူကြီးနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးစေရန် ပေါ်ပေါက်လာသောဖြစ်ရပ်မှာ ရိုးရိုးမှုခင်း မဟုတ်ပါ။ လူ့အခွင့်အရေး နှင့် စပ်ဆိုင်နေသည်။
ဤတွင် လူ့အခွင့်အရေး နှင့် နိုင်ငံတကာ၏ ပါဝင်ပတ်သက်မှုကို တစုံတရာ ရှင်းရန်လိုပါမည်။ သာဓက ပြပါမည်။ လူ့အခွင့်အရေးတွင် အသက်ရှင်သန်ပိုင်ခွင့် ဟူ၍ရှိပါသည်။ လူတဦးက အခြားတဦးကို သတ်ခြင်းမှာ အသတ်ခံရသူ၏ အသက်ရှင်သန်ပိုင်ခွင့်ကို ရုပ်သိမ်းလိုက်ခြင်းပင်ဖြစ်သည်ဟုနားလည်၍ရနိုင်သည်။ လူတဦးက အခြားလူတဦး၏ အသက်ရှင်သန်ပိုင်ခွင့်ကို ရုပ်သိမ်းလိုက်ခြင်းအားဖြင့် လူ့အခွင့် အရေးချိုးဖေါက်မှုကျူးလွန်ခြင်းဟု ဆိုနိုင်သည်။ သို့ရာတွင် နိုင်ငံတနိုင်ငံအတွင်း၌ လူတဦးက သို့မဟုတ် အများက အခြားလူတဦး သို့မဟုတ် အများ၏ အသက်ရှင် သန်ပိုင်ခွင့်ကို ရုပ်သိမ်းလိုက်သော်လည်း နိုင်ငံတကာအနေဖြင့် လူ့အခွင့်အရေးရှုဒေါင့်မှ ချက်ခြင်း ထောက် ပြခြင်း ပါဝင်ခြင်း မရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ရိုးရိုးသာမန်ပြစ်မှုအတွင်းတွင် အကျုံးဝင်သောကြောင့်ဖြစ်သည်။

နိုင်ငံတနိုင်ငံ၌ ပြည်သူအချင်းချင်းအတွင်း ဖြစ်ပွားသော လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ နာကျင်စေမှု၊ မီးရှို့မှု၊ စသည် တို့အားလုံးမှာ ရိုးရိုးပြစ်မှုများ ဖြစ်နေသည်။ သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးလည်း ဖြစ်နေ သည်။ ၎င်းနိုင်ငံအတွင်းရှိ တည်ဆဲ ဥပဒေများအရ ပြစ်မှုကျူးလွန်သူများအား အရေးယူ ဆောင်ရွက် သွားရန်သာ ဖြစ်သည်။ နိုင်ငံတကာက ဝင် ရောက်ပြောဆိုကြလေ့မရှိ။ ပါဝင်ဆောင်ရွက်ကြလေ့မရှိပါ။
"အိန္ဒိယ နိုင်ငံ အာသံပြည်နယ်မှာ ဖြစ်ပွားနေတဲ့ လူမျိုးရေးအဓိကရုဏ်းကိုတော့ နိုင်ငံတကာက ဘာမှမပြောဘူး။မြန်မာ နိုင်ငံကိုတော့ ပြောလာတယ်။ ဒါ မတရားဘူး။" ဟူ၍ ထောက်ပြသူများ ရှိသည်။ သို့ဖြစ်လျှင် အိန္ဒိယ နှင့် မြန်မာနိုင်ငံ မည်သို့ကွာခြားနေပါသနည်း။ အိန္ဒိယ တွင် ဖြစ်ပွားသော လူမျိုးရေး အဓိကရုဏ်းမှာ သာမန်မှုခင်းဖြစ်သည်။ အစိုးရက လှုံ့ဆော်၊ ဖန်တည်း၊ ပါဝင်ကျူးလွန်မှုကြောင့် ဖြစ်ပွားရသည်ဟူသော စွပ်စွဲသံများ မကြားရ။ မွတ်ဆလင် လွှတ်တော် ကိုယ်စားလှယ်များက တောင်းဆိုခဲ့ကြသည်မှာ ပြည်နယ်အစိုးရက အဓိကရုဏ်းကို ကိုင်တွယ်ရာတွင် အားနည်း နေ သည်။ ပြည်ထောင်စု အစိုးရက တိုက်ရိုက်ဝင်ကိုင်သင့်သည် ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ အိန္ဒိယ အရေးတွင် နိုင်ငံတကာ က ဝင်ရောက်ပြောဆိုဂုန် အကြောင်းမရှိ။ မည်သည့်နိုင်ငံမှာ မဆို ယင်းအဓိကရုဏ်းမျိုးဖြစ်ပွားလျှင် အစိုးရ ကသာ အလယ်မှာ တည့်တည့် ရပ်၍ သူ့နိုင်ငံအတွင်း ဖြစ်ပွားသော အဓိကရုဏ်းများအား သူကိုယ်တိုင် ဖြေရှင်းဆောင်ရွက် ပါက နိုင်ငံတကာက ဝင်ရောက်စွက်ဘက် ပြောဆိုစရာ အကြောင်းမရှိပါ။

မြန်မာနိုင်ငံရခိုင်ပြည်နယ် အဓိကရုဏ်းတွင်မူ အစိုးရကိုယ်တိုင်ပါဝင်ကျူး လွန်မှုများပြုနေကြောင်း နိုင်ငံတကာလူ့အခွင့် အရေး အဖွဲ့အစည်းကြီးများ က စတင်ထောက်ပြလာသဖြင့် ဤပြဿနာကို လူ့အခွင့်အရေးရှုဒေါင့်မှ ဝေဘန်ဆွေးနွေး မှုများ ပို၍ကျယ်လောင် လာခြင်းဖြစ် သည်။ အစိုးရ၏ ပါဝင်ပတ်သက်မှု မှာပင် ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စု အစိုးရတွင် ပို၍တာဝန်ရှိကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် အဓိကရုဏ်းအတွင်း ပြည်ထောင်စု ဝန်ကြီးများ ကသာ နေရာ တကာ ဝင်ရောက်အမိန့်ပေးနေကြသည်ဟူသော တိုင်းတန်းချက်များထွက်ပေါ်လာခဲ့သောကြောင့်ပင်။ မြန်မာနိုင်ငံ အတွင်း၌ စစ်အစိုးရက လူ့အခွင့်အရေးချိုးဖေါက်မှုများပြုခဲ့သဖြင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ လူ့ အခွင့်အရေး အဖွဲ့အစည်းကြီးများက ဝင်ရောက်ပြောဆိုလာခဲ့ကြသည်မှာ ယခုမှ မဟုတ်ပါ။ အနည်းဆုံးအားဖြင့် ဆယ်စုနှစ် နှစ်စု ကျော်ခဲ့ပါပြီ။

နိုင်ငံတကာအနေနဲ့ လူ့အခွင့်အရေးရှုဒေါင့်ကဆိုပြီးတော့ရိုဟင်ဂျာမွတ်ဆလင်တွေ ခံရတာတော့ ထောက်ပြပြော ဆိုမှု ပြု ကြတယ်။ ရခိုင်တိုင်းရင်းသားတွေ ခံရတာတော့ ဘာကြောင့် မပြောသလဲ။ ရခိုင်တွေကရော လူမဟုတ်ဘူး လားဟူ၍ ဂရုဏာ ဒေါသောဖြင့် ဝေဘန်ကြသည်ကိုလည်း ကြားရသည်။ ဤသည်ကိုလည်း လိုက်စဉ်းစားဘို့လိုပါမည်။ လူ့အခွင့်အရေးရှုဒေါင့်မှ နှစ်ဖက်မျှတစွာ ကြည့်ရန်တာဝန်ရှိပါလျှက် နိုင်ငံတကာသည် အမှန်တကယ် ဘက်လိုက်နေ သလား ဟူ၍ဖြစ်သည်။ အထက်တွင် တင်ပြခဲ့သကဲ့သို့ပင် နိုင်ငံတကာအမြင်မှ ကြည့်လျှင် လူ့အခွင့်အရေး ချိုးဖေါက် မှုကို အစိုးရကိုယ်တိုင်က ပြုလုပ်ခြင်းဟုတ် မဟုတ် ဆိုသည်ကို အဓိကကြည့်သည်။ လက်ရှိအာဏာရနေသော သမတ ဦးသိန်းစိန်ခေါင်းဆောင်သည့် စစ်အစိုးရသည် ရခိုင်တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုကျူးလွန်နေပါ သလား။ သံသယဖြစ်ဘွယ်အချက်အလက်များ တွေ့ရှိလျှင် နိုင်ငံတကာသိအောင် တင်ပေးစေလိုပါသည်။ တစုံတရာ ခိုင်မာ လုံလောက်သည်ဟု ယူဆပါက ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းကြီးများသည် ချက်ခြင်းပင် စိတ်ဝင်တစား တုန့်ပြန်ရန် သေချာသလောက်ဖြစ်သည်။

အမှန်တရားပေါ်ပေါက်ရေးအတွက် အစိုးရ၏ လုပ်ဆောင်မှုများအပေါ် စစ်ဆေးသင့်ကြောင့် သာဓက ဆက်လက်တင်ပြပါမည်။
စစ်တွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မြတ်ကျော် က ပုဒ်မ ၁၄၄ အောက်တွင် ထုတ်ထားသော ညမထွက် ရ အမိန့်ကို ချိုးဖေါက်သည်ဟူ၍ ရခိုင်တိုင်းရင်းသား ၆၅ ဦးကို ဖမ်းပြီး ထောင်ချခဲ့ကြောင်း။ ၎င်းတို့မှာအလုပ်အပြန် နောက်ကျ၊ နာရေးသွားကြ သူများဖြစ်ကြောင်း၊ ရခိုင်တိုင်းရင်းသားတွေသာ ယင်းသို့ထောင်ချခံထားရပြီး ဘင်္ဂါလီ ကုလား တွေကို တယောက်မှ မတွေ့ကြောင်း ၎င်းက ဩဂုတ်လ ၂၃ ရက် ဘီဘီစီ အင်တာဗျူးတွင် ပြောကြားသွား ခဲ့သည်။

တချိန်တည်းတွင် ဘူးသီးတောင်မြို့နယ် လွှတ် တော်ကိုယ်စားလှယ်ဦးရွှေမောင်က ဘူးသီးတောင်တွင်မူ ထောင်ဒဏ် (၁၀)နှစ် အထိ အပြစ်ပေး ခံ ရသူ မွတ်ဆလင် ၁၀ ယောက်ခန့်ရှိကြောင်း၊ ၈ ရက်နေ့ဆူပူ မှု တွင် ပါဝင်ပတ်သက် ကြောင်းဖြင့် စွပ်စွဲကာ ၈ ရက် နှင့် ၉ ရက်နောက်ပိုင်းတွင် ဖမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့သည် ရှေ့နေငှား ခွင့်မရ၊ သက်သေခေါ်ခွင့်မရှိ၊ သက်ဆိုင်ရာ မိသားစုများအားလည်း တွေ့ခွင့်မရကြောင်း၊ တရားလိုဘက်က သက်သေ များကိုသာ စစ်ဆေး၍ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့် ပြောသွားခဲ့ပြန်သည်။
ဦးအောင်မြတ်ကျော်၏ ပြောကြားချက်ကို အခြေခံလျှင် လူအုပ်စု နှစ်ဘက်လုံးမှ ညဘက်ကို ထွက်ပါလျှက် အုပ်စု တခု မှ လူများကို တနည်းအားဖြင့် ရခိုင်တိုင်းရင်းသားများကိုသာရွေးချယ်ဖမ်းဆီးပြီး အခြားအုပ်စုမှလူများအား ဖမ်းဆီး ခြင်း မပြုသည့် သဘော ဆောင်သည်။ ယင်းသို့ဖြစ်လျှင် ခွဲခြားဆက်ဆန်ကိုင်တွယ်ခြင်း ဖြစ်သည်။ ယင်းဖြစ်ရပ်မှန်လျှင် ရခိုင် တိုင်းရင်းသားများ၏ လူ့အခွင့်အရေး အရ တန်းတူရေးခံစားခွင့်ကို အစိုးရအာဏာပိုင်များက ငြင်းဆန်ရာရောက် သည်။ ဥပဒေစိုးမိုးရေးကို လည်း ရုပ်သိမ်းခြင်းဖြစ်သည်။ ဤသည်ကို လက်ခံ၍မရပါ။ ယင်းအတွက် တာဝန်ရှိသူမှာ စစ်တပ်၊ ရဲ အပါအဝင် လုံခြုံရေးတပ်ဖွဲ့များ၏ အမြင့်ဆုံးအရာရှိကြီးများ၊ ၎င်းတို့ အပေါ် တိုက်ရိုက်အမိန့်ပေးခွင့်ရှိသော အုပ်ချုပ်ရေး အာဏာပိုင်အဆင့် ဆင့်များဖြစ်သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင် အနေဖြင့် ၎င်းတို့ကိုစစ်ဆေးပြီး အမှန် တရားကို ဖေါ်ထုတ်ရပါမည်။

ဦးရွှေမောင်၏ ပြောကြားချက်ကို အခြေခံလျှင် အဖမ်းခံရသူများအနေဖြင့် မှုခင်းတွင် တရားမျှတစွာ စစ်ဆေးခံယူပိုင်ခွင့် ဆုံးရှုံးနေသည့် သဘောဆောင်သည်။ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ လူတိုင်းရသင့်သည့် အခွင့်အရေးများ ရုပ်သိမ်းခံရသလို ဖြစ်နေသည်။ အမှုများတွင် ခုခံချေပခွင့် ဟူသည်မှာ စစ်အစိုးရ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံမှာ ပင် ပြဋ္ဌာန်းပါရှိသည်။ ပုဒ်မ ၁၄၄ ထုတ်ထားသော်လည်း ယင်းအခွင့်အရေးကိုရုပ်သိမ်း၍မရပါ။ ယင်းသို့ဖြစ်ပါကတာဝန်ရှိသူများမှာ အဆိုပါမှုခင်းများအား ကိုင်တွယ်စစ်ဆေးခဲ့ သည့် တရားရုံးများနှင့် တရားသူကြီးများဖြစ်သည်။ စုံစမ်း စစ် ဆေး ရေးကော်မရှင်အနေဖြင့် ၎င်းတို့အား စစ်ဆေး ဖေါ်ထုတ်ရန် လိုအပ်ပါသည်။
အဓိကရုဏ်းကြီးအတွင်းဖြစ်ပွားခဲ့သည့် ပြစ်မှုဆိုင်ရာ မှုခင်းများ အားလုံးမှာ လျှို့ဝှက်ချက်များနှင့် ပြည့်လျှက်ရှိသည်။ ပထမဆုံး စတင်ဖြစ် ပွားခဲ့သည့် ရခိုင်မိန်းခလေးတဦးအားမုဒိမ်းကျင့်ပြီးသတ်ခဲ့သည်ဟူသောအမှုတွင်တရားခံသုံးဦး အနက် တဦးမှာ အချုပ်ခန်းအတွင်း၌ ကြိုးဆွဲချသေဆုံးသွားကြောင်းသိရသည်။ အမှန်တကယ် ကြိုးဆွဲချသေတာ ဟုတ် ရဲ့လား။ မည်သည့်စစ်ဆေးဖေါ်ထုတ်မှုမျှ မကြားရ။ သေမှုသေခင်း စစ်ဆေးခဲ့သည့် မှုခင်းမှတ်တမ်းမရှိ။ ဤမျှနှင့် ဇာတ်လမ်းပြီးဆုံးသွားသည်။ အဓိကရုဏ်းဖန်တည်းဘို့ မှုခင်းကျူးလွန်ခိုင်း ခံရသူက နောင်ကို အမှန်တရား ထုတ်မပြော နိုင် စေရန် နှုတ်ပိတ်လိုက်သလား။ သံသယများ ရှင်းသွားစေရန် အမှန်တရားကို ဖေါ်ထုတ် ရပါမည်။

ထို့အပြင် ကုလသမဂ္ဂဝန်ထမ်းများအား အရေးယူခဲ့သည့် မှုခင်းများ အပါအဝင် အဓိကရုဏ်းအတွင်း ပြစ်မှုဆိုင်ရာ အရ အရေးယူခဲ့သည့် မှုခင်းများအားလုံး၌ သတင်းဌာနများ၏ မေးမြန်းခွင့်၊ အများပြည်သူ၏ သိရှိခွင့်များ ရုပ်သိမ်းခံနေရဆဲဖြစ်ကြောင်းတွေ့ရသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် အများပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး ဆိုသည်မှာ အသံသာရှိပြီး အဆန်မရှိဖြစ်နေ သည်။ တရားရုံးများ၏ အမှုတွဲများသည် တိုင်းပြည်၏ လျှို့ဝှက်ချက်မဟုတ်ပါ။ အများနှင့် ဆိုင်သော စာတမ်းအမှတ်အသားများဖြစ်သည်။ သက်ဆိုင်သူများက သတ်မှတ်သော အခကြေးငွေပေးလျှင် မိတ္တူကူးခွင့်ပြုရပါမည်။ ယင်းအမှုတွဲမှတ်တမ်းများအား လေ့လာခွင့်ရလျှင်ပင် အမှန်တရားကို အတော်အသင့်ထုတ်ဖေါ်နိုင်ပါမည်။

ချုပ်၍ဆိုရလျှင် စုံစမ်းစစ်ဆေးရေးကော်မရှင် တရပ်ရပ်က အမှန်တရားဖေါ်ထုတ်ရာတွင် ပထမဆုံးအနေနှင့် ပြစ်မှု ကြောင်းအခြေခံများနှင့် စပ်လျဉ်း၍ သမတ ဦးသိန်းစိန်မှစပြီး အခြားတာဝန်ရှိအစိုးရအဖွဲ့ဝင်အဆင့်ဆင့်၊ အုပ်ချုပ် ရေးအာဏာပိုင်အဆင့်ဆင့်၊ တရားစီရင်ရေး အပါအဝင် တိုင်းပြည်ယန္တယားများနှင့် လုံခြုံရေးအရတာဝန်ယူ ဆောင် ရွက်ခဲ့ကြသည့် စစ်တပ် ရဲ စသည့် လုံခြုံရေး ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်တို့အား အဓိကအားဖြင့် ဇောင်းပေး၍ စစ်ဆေးရန်ဖြစ်သည်။ သမတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေးက
"ပြစ်မှုဆိုင်ရာတွေ အတွက် ပြည်ထဲရေး ဒုဝန်ကြီး ဦးဆောင်ဖွဲ့ခဲ့တာရှိတယ်။ ပြစ်မှုတွေဟာ ပြည်နယ် အဆင့် ကြီး မားကျယ်ပြန့်တဲ့ အတွက် ပြည်ထဲရေး ဒုဝန်ကြီး ကိုယ်တိုင်စစ်ဆေးတယ်။ Criminal Investigation (ပြစ်မှုဆိုင်ရာစုံးစမ်းစစ်ဆေးရေး) ဖြစ်တယ်။ အခုဟာက community (လူ့အသိုင်းအဝိုင်း) နှစ်ခုရဲ့အကြားက ပဋိပက္ခတွေ --" ဟု ပြောသွားခြင်းကို ထောက်လျှင် ပြစ်မှုဆိုင်ရာတွေ အတွက် စစ်ဆေးပြီးပြီ ဟု ပြောလိုပုံရသည်။ အဓိကရုဏ်းကြီးအတွင်း ဖြစ်ပွားခဲ့သည့် ပြစ်မှုဆိုင်ရာမှုခင်းကြီးများနှင့်စပ်လျဉ်းပြီး ယခုဖွဲ့ပေး လိုက်သည့် ကော်မရှင်က စုံစမ်းရန်မလိုဟုလမ်းညွှန် သည့်သဘော ဆောင်သည်။ ဤသည်ကို လက်မခံသင့်ပါ။ လူ့အသိုင်းအဝိုင်းနှစ်ခု အကြားက ပဋိပက္ခ ကိုတော့ အဖြေ တွေ့အောင်ရှာ၊ ပြစ်မှုဆိုင်ရာ မှုခင်းကြီးတွေနဲ့ပတ်သက်ပြီး အစိုးရရဲ့တာဝန်ရှိမှုကို ဖေါ်ထုတ်ဘို့ ကတော့ ခင်ဗျားတို့ အလုပ်မဟုတ်ဘူး ဟု ဆိုလိုရာရောက်သည်။

အစိုးရ ကိုယ်တိုင်က ပါဝင်ကျူးလွန်သော မှုခင်းဖြစ်လျှင် ကော်မရှင်အနေဖြင့် ၎င်းအားပေးအပ်ထားသော တာဝန်ဖြစ် သည့် "ကွဲပြားသော အယူဝါဒ ရှိသူ မတူညီသည့် လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် နည်း လမ်းများ ရှာဖွေရန်" ဟူသည်မှာ မည်သည့်အခါတွင်မျှ အောင်မြင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် နောင်ကို လည်း အစိုးရကိုယ်တိုင်က ပဋိပက္ခထပ်မံဖန်တည်းမှာ ကို စိုးရိမ်ရသောကြောင့်ဖြစ်သည်။

ဦးသိန်းစိန်ကိုယ်စား ဦးဇော်ဌေးလမ်းကြောင်းချပေးနေသည်ကို လက်ခံလျှင် တရားခံအစစ်ကို မည်သည့်အခါတွင်မျှ ဖေါ်ထုတ်နိုင်မည် မဟုတ်ပါ။ တရားခံအစစ်မပေါ်ပါက အနာရင်းကို မသိသဖြင့် ဆေးစစ်ဆေးမှန် မတွေ့နိုင်ပါ။ စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များသည် အောက်ခြေ တွင်သာ ဟိုမေးသည်လိုက်ဖြင့် ဖတ်ဖတ်မောကာ မြစ်ကို အလျားလိုက်ကူးခိုင်းခံထားရသလို ဖြစ်နေပါမည်။ ယင်းသို့ မဖြစ်လိုပါက စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ပထမဆုံး အလုပ်မှာ ရခိုင်ပြည်နယ်တွင် မရှိပါ။ နေပြည်တော်တွင် ရှိပါ မည်။ သမတ ဦးသိန်းစိန်ကို စတင် စုံစမ်းမေးမြန်းရန် ဖြစ်သည်။ အဓိကရုဏ်းကာလအတွင်း သမတရုံးနှင့် သက်ဆိုင် ရာ ဝန်ကြီးများက ထုတ်လိုက်သည့် အမိန့်များ၊ ညွှန်ကြားလွှာများ၊ ကြေးနန်းများ၊ တယ်လီဖုံးမှတ်တမ်းများ၊ ဝန်ကြီး အဖွဲ့ အစည်းအဝေးမှတ်တမ်းများကို ဖတ်ရှု လေ့လာဂုန်လိုပါမည်။ ဤလုပ်ပိုင်ခွင့်များ မရနိုင်ပါက ယခုအသစ်ဖွဲ့လိုက်သော ကော်မရှင်သည် အစိုးရ၏ တာဝန်ရှိမှု ကို တိတိကျကျ ဖေါ်ထုတ်နိုင်မည့် အလားအလာ လွန်စွာနည်းနေပါမည်။ သူရ ဦးရွှေမန်းသည် ဥပဒေရှေ့မှောက်တွင် လူတိုင်းတန်းတူဖြစ်သည် ဟူသည့် ဥပဒေစိုးမိုးရေး စကားလုံးကို လွန်ခဲ့ သည့် ရစ်နှစ်ခန့် ဗိုလ်ချုပ်ဘ၀ ကထဲက စသုံးလာခဲ့သည်။ လူထု အတော်များများက ဟုတ်များ ဟုတ်လေမလားဟူ၍ မျက်လုံးပြူးကာ ထကြည့်မိခဲ့ကြသည်။ သို့ရာတွင် လက်တွေ့အရ စစ်မှန်သော ဥပဒေစိုးမိုးရေး ကို အှတ်မြစ်ချစေမည့် မည်သည့် လုပ်ဆောင်မှုမျှ မတွေ့ရ။

ဥပဒေစိုးမိုးရေးအခြေခံကို တည်ဆောက်ရန် ၂၀၀၈ ဖွဲ့စည်းပုံ၏ ကြောရိုးများအား ပြင်ရေး အတွက် ကမကထပြုသံ ၎င်းထံမှ တခါမျှ မကြားရ။ ဥပဒေစိုးမိုးရေး ကို ဖျက်သိမ်းထားသည့် မတရား ဥပဒေ တခုတလေကိုမျှ ရုပ်သိမ်းပေးခဲ့ခြင်းမရှိ။ ဥပဒေစိုးမိုးရေးကို အားဖြစ်စေရန် State Institution ဟု ခေါ်သည့် တိုင်းပြည် အုပ်ချုပ်ရေး အဆောက်အအုံများကို ပြင်ရန် လှုံ့ဆော်မှု တခုတလေမျှ မပြု။

တိုင်းပြည်အာဏာခွဲဝေကျင့်သုံးမှု ဟူသည် ကို ပါးစပ်ကပြောသော်လည်း လက်တွေ့တွင် ၎င်းဦးဆောင်သည့် ဥပဒေပြုလွှတ်တော်သည် သမတ ဦးဆောင်သည့် အုပ်ချုပ်ရေးအာဏာကို စစ်ဆေးရမည့် အလုပ်အား မလုပ်။

ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် အစိုးရ အဖွဲ့ အဆင့်ဆင့်တွင် တာဝန်ပေး အပ် ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ် ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် ဟူသော အဆိုကို သူရဦးရွှေမန်း ဦးဆောင်သည့် လွှတ်တော်က ပယ်ချခဲ့ခြင်း ဖြင့် ဆိုးဝါးသည့် အုပ်ချုပ်ရေးနှင့် လာဘ်စားနေသည့် အစိုးရအဖွဲ့ဝင်များကို ကာကွယ် စောင့်ရှောက်သည့် လုပ်ငန်းများသာ လုပ်ဆောင်နေကြောင်းတွေ့ရသည်။

ယခုလည်း စစ်မှန်သော ပြည်သူ့လွှတ်တော်တရပ်က ထမ်းဆောင်ရမည့် တာဝန်ကိုမျက်ကွယ်ပြုနေပါပြီ။ ယင်းမှာ ရခိုင် ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းကြီးနှင့် စပ်လျဉ်း၍ သမတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရ၏ တာဝန် ယူမှု၊ တာဝန်ခံဆောင်ရွက်မှု ကိစ္စများ အား စုံစမ်းစစ်ဆေးရမည့်တာဝန်ကို လွှတ်တော်က မသိခြင်ယောင်ဆောင် လျှက် ရှိသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်စေလျှက် တရားဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်ရေး ကော်မတီ ကို ဖွဲ့စည်း ထားရှိပြီးဖြစ်ပါလျှက် သမတက စုံစမ်းစစ်ဆေးရေးကော်မရှင် အသစ် တခုထပ်မံဖွဲ့စည်းခြင်းအပေါ် လွှတ်တော်က ကန့် ကွက်မှု မပြု။
ယင်းကော်မရှင်အသစ် ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ အောက်တွင် ဖေါ်ပြ ထားသည့် သမတရုံး အမိန့်ကြော်ငြာစာကို လေ့လာကြည့်ပါ။
"ရခိုင်ပြည်နယ်တွင် မေလနှင့် ဇွန်လ အတွင်း၌ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကိုထိခိုက်ပျက်ပြားစေသည့်လူစုလူဝေးဖြင့်ဥပဒေမဲ့ဆောင်ရွက်မှုများ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဖြစ်ပွားမှုများနှင့် စပ်လျဉ်း ၍ ဖြစ်စဉ်ဖြစ်ရပ် အမှန် ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အမျိုးသား အကျိုးစီးပွားတိုး တက်ရေးအကြံပြုရန် ဖွဲ့စည်း တာဝန်ပေးအပ်သည်။"

သမ္မတ ကိုယ်တိုင်ကပင် ယခုပြသနာမှာ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေး ဟူသည်ကို လက်ခံထားပြီး ဖြစ် သည်။ စကားလုံးအားဖြင့် ရှေ့နောက်သာ ကွာသည်။ လွှတ်တော်က ဖွဲ့ပေးထားသည်မှာ ဥပဒေစိုးမိုးရေး နှင့် တည်ငြိမ် ရေး ကော်မတီ ဖြစ်သည်။ ယင်းကော်မတီ၏ လုပ်ငန်းတာဝန် ကွက်တိ ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဟူသော အဖွဲ့ အစည်းသည် အစိုးရ၏ အာဏာကို ကြပ်မတ်ထိမ်းကျောင်းရန် တာဝန်ရှိသည် ဟူသော အပိုင်းကို လက်တွေ့ ဖေါ်ဆောင်လိုပါက ဤဖွဲ့စည်းပြီးထားသော ကော်မတီအား တာဝန်ပေးအပ်လိုက်ရုံသာ ရှိသည်။ ဤ ကော်မတီသည် ဒေါ် အောင်ဆန်းစုကြည် ဦးဆောင်လျှက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသဖြင့် လုပ်ပိုင်ခွင့် ပိုရှိပြီး သဘာဝ လည်း ကျလှပါသည်။ ဦးရွှေမန်းသည် အဘယ်ကြောင့် ငြိမ်သက်နေပါသနည်း။ ဦးရွှေမန်း နှင့် ဦးသိန်းစိန် လက်ဝါးခြင်း ရိုက်လျှက် လွှတ်တော်ကဖွဲ့ထားသည့် ကော်မတီကြီးကို ၄တ်တုတ်ထိုင်ထားစေကာ သမတ ဖွဲ့ပေးသည့် ကော်မရှင် သစ်အား ပွဲ ထုတ်လာပြန်ခြင်း ဖြစ်သလား။ အစိုးရ၏ တာဝန်ရှိမှု အမှန်တရား ပေါ်ထွက်မလာစေ ရန် ပိပိရိရိ နှင့် ဖုံးဖိ နေကြသလား။ စဉ်းစားရန်ရှိသည်။

ပြည်သူ့လွှတ်တော်က ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်လျှက် ဥပဒေစိုးမိုးရေး နှင့် တည်ငြိမ် ရေး ကော်မတီ ဖွဲ့စည်း ထားပြီးဖြစ်ကြောင်း သမတ ဦးသိန်းစိန် မှချသိရှိပြီးဖြစ်သည်။ ဦးသိန်းစိန်အနေဖြင့် ရိုးသားစွာ အမှန်တရားကို ဖေါ်ထုတ်လိုသည်ဆိုလျှင် ရခိုင်ပြည်နယ် အဓိကရုဏ်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပေးပါရန် ယင်းကော်မတီအား ပန်ကြားလိုက် ရုံသာဖြစ်သည်။ ယင်းကော်မတီကသာ ကိုင်တွယ် စုံစမ်းလျှင် တိုင်းပြည်ယန္တယားဖွဲ့စည်းလည်ပတ်မှုအရ သဘာဝကျလှသလို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ထားသဖြင့် နိုင်ငံတကာ နှင့် ပြည်တွင်းလူထု၏ ယုံကြည်မှု ကို ပိုမိုရ ရှိနိုင်သည်။ တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်။

ဤသည်ကိုမလုပ်ဆောင်ခြင်းအားဖြင့်တိုင်းပြည်အုပ်ချုပ်ရေးယန္တယား များအား တလွဲအသုံးချ၊ လူထုများကို မျက်လှည့် ပြကာ အမှန်တရား ကို အစီအစဉ်ရှိရှိ ဖုံးကွယ်ရာ ရောက်သည်။ သမတ ကိုယ်တိုင်နှင့် ၄င်း၏ ပြည်ထောင်စု အစိုးရ အဖွဲ့ဝင်များအနေဖြင့် ဒေါ်အောင်ဆန်း စုကြည် ဦးဆောင်သည့် ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုကို မခံယူလို၍ဖြစ်ကြောင်း လည်း သုံးသပ်နိုင်သည်။ လွှတ်တော်က ဖွဲ့စည်းလိုက် သည့် ကော်မတီ၊ ကော်မရှင်များသည် ပြည်ထောင်စု အဆင့်မရှိ ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးမှ နေ၍ အဆင့်လျှော့ချထားမှု ကိုလည်း ဆက်စပ်သုံးသပ်သင့်သည်။

ဦးသိန်းစိန်သည် ဤ အနေအထားကို အမြန်ဆုံးပြင်သင့်သည်။ ဒီမိုကရေစီ နိုင်ငံများ၌ သမတ၊ ဝန်ကြီးချုပ်များ ပြသနာ ဖြစ်လာပါက သက်ဆိုင်ရာနိုင်ငံ၏ လွှတ်တော်ကော်မတီ များက စုံစမ်းစစ်ဆေးကြရသည်ကို ဒီမိုကရေစီ ကို ဦးတည်ပါသည်ဟု ဆိုသူသမတ ကိုယ်တိုင်က မျက်ကွယ်ပြုခြင်းမှာ မသင့်လျော်ပါ။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကော်မတီ၏ ရှေ့မှောက်တွင် အစစ်ဆေးခံရမည်ကို မနှောင့်နှေးသင့်ပါ။ ရှင်းရှင်းလင်းလင်း ရှိသောအစိုးရ၊ တာဝန်ခံမှု ရှိ သော အစိုးရဖြစ်ရန်လိုအပ်ကြောင်း သမတ ဖြစ်စက မိမိ ကိုယ်တိုင် အသုံးပြုသွားခဲ့သော စကားလုံးများအား လက်တွေ့ အကောင်အထည်ဖေါ်ရန် အချိန်ရောက်ပါပြီ။

အောင်ထူး (ရှေ့နေ)

ဩဂုတ်လ ၂၃ ရက်၊ ၂၀၁၂ ခုနှစ်

---

## အိမ်ပြန်ချင်တယ်


ကချင်စစ်ပြေး ဒုက္ခသည်စခန်း မြင်ကွင်း (နန်းဆိုင်နွမ် / ဧရာဝတီ)

တနှစ်ကျော် ကြာတဲ့အထိ အိမ်ပြန်ချင်တဲ့စိတ်၊ လယ်ယာတွေ ပြန်လုပ်ချင်တယ် ဆိုတဲ့စိတ်တွေနဲ့ ဒုက္ခသည် စခန်းတွေထဲမှာ သူတို့ ကချင်တိုင်းရင်းသားတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေထိုင်နေရတယ်လို့ လိုင်ဇာမြို့ထဲက ဝင်ကြိုင်ဒုက္ခသည်စခန်းမှာ နေထိုင်တဲ့ မလုထွယ်က ပြောပြပါတယ်။

"စစ်ပွဲတွေ အမြန်ပြီးစေချင်တယ်။ ဒီစစ်ပွဲက ဘယ်သူ့ကြောင့်၊ ဘာကြောင့် လို့တော့ တွေးမနေ ချင်တော့ဘူး။ ကျမတို့ ဒီမှာ နေရတာ ဒုက္ခရောက်တယ်၊ အိမ်ပြန်ချင်တယ်။ ဖြစ်နိုင်ရင် ဒီနေ့တောင် ပြန်ချင်တယ်" လို့ သူက ဆိုပါတယ်။

ဝင်ကြိုင် ဒုက္ခသည် စခန်းမှာ သူတို့မိသားစု နေထိုင် စားသောက်ဖို့ စီစဉ်ပေးပေမယ့်လည်း သူတို့ ဒေသက အိမ်လောက် အဆင်မပြေကြောင်း၊ ကလေးငယ်တွေရဲ့ အသုံးအဆောင်တွေလည်း မလုံလောက်ကြောင်းနဲ့ အခုတော့ လူကြီး တွေနဲ့ အတူ ကလေးငယ်တွေပါ ဆင်းရဲ ဒုက္ခခံနေရတယ်လို့ မလုထွယ်က ဆက်ပြောတယ်။

"စစ်ပွဲကြောင့် ကလေးငယ်တွေရဲ့ အနာဂတ်က မတွေးဝံ့စရာ ဖြစ်နေပြီ" လို့ သူက ဆိုတယ်။





စစ်ပွဲစဖြစ်တော့ သူတို့ရွာကနေ ဒုက္ခသည်စခန်းကို ညတွင်းချင်း လမ်းလျှောက်လာခဲ့ရတယ်၊ ဘာဆိုဘာမှ ပါမလာဘူး၊ စစ်ပွဲကြောင့် ထိခိုက်ဒဏ်ရာ မရအောင်သာ ကလေးငယ်ငယ်လေးကို ချီပိုးပြီး ပြေးနေခဲ့ရတာလို့ သူက သူ့အတွေ့အကြုံကို ပြောရင်း မလုထွယ်က မျက်ရည်ဝဲလာတယ်။

ကချင်စစ်ဘေး ဒုက္ခသည်အများစုဟာ အရင်က သူတို့နေရပ်တွေမှာ လယ်ယာ လုပ်ကိုင်စားသောက်ရင်း အေးအေးချမ်းချမ်း နေထိုင်ခဲ့တဲ့သူတွေ ဖြစ်ပါတယ်။

အခု အဲဒီဘဝကို ပြန်သတိရတယ်၊ အဲဒီလို ပြန်နေချင်တယ်၊ သူတို့ရဲ့ လယ်ယာတွေကိုပါ စွန့်ခွာလာရတဲ့အတွက် လယ်ယာတွေ ဘယ်လို ဖြစ်နေမလဲ ဆိုတာလည်း စိတ်ပူပန်နေရတယ်လို့ ကွတ်ခိုင်မြို့နယ်အတွင်း နေထိုင်ခဲ့တဲ့ အသက် ၅၈ နှစ် အရွယ် စစ်ဘေးဒုက္ခသည် အမျိုးသမီးကြီး တဦးက ပြောပြတယ်။

"စစ်ပွဲကို အမြန်ပြီးဆုံး စေချင်တယ်။ တကယ်လို့ စစ်ပွဲပြီးသွားရင် ကျမတို့ ဘယ်မှာ သွားနေရမှာလဲ၊ ကျမတို့အိမ်တွေကော ရှိသေးရဲ့လား၊ အိမ်ကို ဘယ်လိုပြန်ပြင်ရမလဲ ဆိုတာ စိတ်ပူနေတယ်။ လယ်တွေ၊ အိမ်တွေကို နေ့တိုင်း တမ်းတမိတယ်။
ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အိမ်က ကိုယ့်အိမ်ပါပဲ" လို့ သူက ဆိုတယ်။

ကွတ်ခိုင်မြို့နယ်အတွင်းမှာ အခြေစိုက်ပြီး လက်နက်ကိုင်အဖွဲ့ ဖြစ်တဲ့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တပ်မဟာ ၄ နဲ့
မြန်မာအစိုးရ တပ်တွေဟာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ကတည်းက စစ်ပွဲစတင် ဖြစ်ပွားခဲ့တာပါ။

ဒီစစ်ပွဲကြောင့် ကွတ်ခိုင်မြို့နယ် ထဲမှာ နေထိုင်ကြတဲ့ ကချင်ပြည်သူ ၉၃ ဦးဟာ တောလမ်းမှာ ရက်ပေါင်းများစွာ လမ်းလျှောက်
ရှောင်ပုန်းခဲ့ပြီး အခုတော့ ကချင် ဒုက္ခသည်စခန်း တခုဖြစ်တဲ့ မာဂျာယန် စခန်းမှာ နေထိုင်နေကြကြောင်း သိရပါတယ်။

"စစ်ဖြစ်ပြီ ဆိုတော့ ကိုယ်လွတ်ရုန်းပြီး ထွက်လာတာ၊ ကလေးငယ်ရဲ့ အဝတ်တွေ၊ စောင်တွေတောင် မပါဘူး။ အဲဒီအချိန်က မိုးကလည်း ရွာသေးတယ် ။ ကြောက်ကြောက်နဲ့ လမ်းလျှောက်လာတာ မူဆယ်မြို့နယ် ထဲမှာရှိတဲ့ မိုးပေါ် ကျေးရွာအထိပါပဲ။စစ်ပွဲကိုလည်း တခါမှ မကြုံဖူးဘူးလေ။ အခုအိမ်ရော လယ်ရော ဘယ်လို ဖြစ်နေမှန်း မသိတော့ဘူး။ အိမ်ပြန်ချင်တယ် ဆိုတာပဲ သိတယ်" လို့ မာဂျာယန်စခန်းကို ရောက်နေတဲ့ ဒုက္ခသည်တဦးက ပြောပြတယ်။

မာဂျာယန် ဒုက္ခသည်စခန်းက ဘော်ဒါဆောင်မှာ နေထိုင်တဲ့ ကလေးတချို့ ဆိုရင်လည်း စစ်ပွဲကြောင့် မိဘတွေနဲ့ ကွဲကွာ ခဲ့ရတာ ဖြစ်ပြီး အခုအချိန်အထိ သူတို့မိဘတွေနဲ့ တွေ့ခွင့် မရသေးဘူး၊ သူတို့ အားလုံး အိမ်ပြန်ချင်တဲ့စိတ်နဲ့ အိမ်လွမ်း ဝေဒနာ ခံစားနေရတယ်လို့ သိရတယ်။

"ဒီမှာက အိမ်နဲ့တော့ မတူဘူးပေါ့။ ကလေးတွေက ဒီကို ကျောင်းက ဆရာမ အုပ်စုနဲ့အတူ ရောက်လာတာပါ။ မိဘတွေနဲ့လည်း မတွေ့တာ တနှစ် ရှိတော့မယ်။ သမီးက ကွတ်ခိုင်ဘက်ကပါ။ မိဘတွေနဲ့ အရမ်း တွေ့ချင်တယ်။ အိမ်ကိုလည်း ပြန်ချင်တယ်။အစားအသောက် ကအစ ဘာမှ အဆင်မပြေဘူး။ ကျောင်းကတော့ ဒီစခန်းထဲမှာပဲ တက်ရတယ်။ အိမ် ဘယ်တော့ ပြန်ရမှာလဲ ဆိုတာပဲ စဉ်းစားနေတယ်" လို့ အသက် ၁၀ နှစ် အရွယ် အာဘောက်ဆိုတဲ့ ကလေးက ပြောပြပါတယ်။

ကလေးတွေနဲ့အတူ စစ်ဘေးဒဏ်က ရှောင်လာတဲ့ ဆရာမ တဦးကလည်း စစ်ဖြစ်တဲ့အချိန်တုန်းက သူ စာသင်နေရတဲ့ ကလေးတွေကိုပဲ အဓိကထားပြီး ဘယ်လို အန္တရာယ်မှ မဖြစ်အောင် အခု နေထိုင်တဲ့ စခန်း ရောက်တဲ့အထိ ခေါ်ဆောင် လာတယ်လို့ ရှင်းပြတယ်။

ဆရာမ အနေနဲ့ ကလေးတွေရဲ့ လိုအပ်ချက်၊ အရာအားလုံးကို ဖြည့်ဆည်း ပေးချင်ပေမယ့်လည်း ဘာတခုမှ သေသေချာချာ မလုပ်ဆောင် ပေးနိုင်လို့ သူ့ကိုယ်သူ မကျေနပ်ဘူးလို့ ပြောပါတယ်။

"တကယ်ဆိုရင် ဒီအသက်အရွယ် ကလေးတွေက မိဘရင်ခွင်မှာ နေရမယ့်အချိန်ပါ။ ကျမတို့တောင် မိဘကို သတိရနေတာပဲ၊
သူတို့ဆိုရင် ဘယ်လောက်အထိ လွမ်းနေမလဲဆိုတာ သိပါတယ်။ အိမ်ကလည်း ဘယ်လိုနည်းနဲ့မှ ပြန်လို့ မရသေးတဲ့ အချိန်မှာ စစ်ကလည်း ပိုဖြစ်နေတယ် ဆိုတော့ ကလေးတွေအတွက် အန္တရာယ် ပိုရှိနိုင်တယ်လေ။ သူတို့ လုံခြုံဖို့ အတွက်က ပို အရေး ကြီးတယ်" လို့ စခန်းဘော်ဒါဆောင် အဆောင်မှူးက ဆိုပါတယ်။

KIA နဲ့ အစိုးရတပ်တွေရဲ့ စစ်ပွဲကြောင့် လိုင်ဇာမြို့က ဂျေယန့် ဒုက္ခသည်စခန်းမှာ နေတဲ့ အသက် ၆၀ အရွယ် အမျိုးသမီးကြီး တဦးကလည်း သူ့ရွာကို အလွန်ပြန်ချင်တဲ့အကြောင်း၊ လယ်တွေကို ပစ်ထားခဲ့ရလို့ လယ်အတွက် စိတ်ပူနေရကြောင်းနဲ့ လက်ရှိ အလုပ်လက်မဲ့ ဖြစ်နေတဲ့အတွက် ဒုက္ခသည် စခန်းကော်မတီက ဝေပေးတဲ့ ဆန်၊ ဆီ၊ ဆား တွေကို ချွေတာ သုံးစွဲနေရတယ်လို့ ပြောပါတယ်။

စစ်ပွဲကြောင့် ဒေသခံတွေဟာ နေရပ်ကို စွန့်ခွာခဲ့ရပြီး ဒုက္ခသည်စခန်းတွေမှာ နေကြရတဲ့ အတွက် သူတို့ရဲ့ မိရိုးဖလာ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ထိခိုက် နစ်နာမှုတွေ ရှိနေတယ်လို့ သိရပါတယ်။ အထူးသဖြင့် တောင်သူတွေ အနေနဲ့ ဒီနှစ်ထဲမှာ သူတို့ လုပ်ငန်းတွေကို ဆက်မလုပ်နိုင်တော့ပါဘူး။ ဒါ့အပြင် ရွာအနီးက လယ်တွေကို အသိမ်းခံရတာတွေလည်း ရှိနေတာကြောင့် စစ်ပွဲပြီးဆုံးသွားခဲ့ရင်တောင် လုပ်ကိုင်စားသောက်ဖို့၊ နေထိုင်ဖို့အတွက် စိုးရိမ် ပူပန်နေကြတာ တွေ့ရပါတယ်။

မြစ်ကြီးနားမြို့နားမှာရှိတဲ့ နန်းဆန်းယန်း ကျေးရွာကနေ စစ်ပွဲကြောင့် လိုင်ဇာမြို့က ဖလူရန် ဒုက္ခသည်စခန်းကို ရောက်နေတဲ့ အသက် ၂၈နှစ် အရွယ် နန်းဒွဲက "ကျမ စစ်ပြေးတဲ့ အချိန်က ကိုယ်ဝန်ကြီးနဲ့ပါ။ ကြောက်ကြောက်နဲ့ ပြေးလာ ရတာ။ ကလေး မွေးတော့လည်း ဒုက္ခတွေရောက်တယ်။ ကျမ ယောက်ျားကလည်း KIA စစ်တပ်ထဲမှာ နေတာ။ အခုထိ သူနဲ့ကို မတွေ့သေး ဘူး။ စစ်ကြောင့် ကလေးတွေရော၊ ကျန်မတို့လို ကလေး အမေတွေပါ ဒုက္ခရောက်တယ်။ မွေးဖို့အတွက် ဘာဆိုဘာမှ မရှိဘူး။ အခုချိန်အထိ ကလေးက အဟာရအတွက် မပြည့်စုံဘူး" လို့ သူ့အတွေ့အကြုံကို ရှင်းပြတယ်။

ဒုက္ခသည်တွေ အားလုံးဟာ နေရပ်ကို ပြန်ချင်နေကြပေမယ့် နယ်မြေ မတည်ငြိမ်သေးလို့ ဘယ်သူမှ မပြန်နိုင်သေးဘူးလို့ သိရပါတယ်။

လက်ရှိ အခြေအနေအရ ကချင်စစ်ပြေး ဒုက္ခသည်တွေဟာ တရုတ် မြန်မာနယ်စပ် တရုတ်ဘက်ခြမ်းမှာ ရှိတဲ့ ဒုက္ခသည် စခန်း ၂ ခု အပါအဝင် ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ (KIO) က စောင့်ရှောက်ထားတဲ့ ဒုက္ခသည် စခန်းတွေမှာ နေထိုင်လျက်ရှိ ပါတယ်။

KIO နဲ့ အစိုးရဟာ နှစ်ဘက် အပစ်ရပ်ဖို့ အတွက် တရားဝင်ကော၊ အလွတ်သဘောပါ ဆွေးနွေး မှုတွေ ရှိနေပေမယ့်လည်း အဲဒီ အတောအတွင်းမှာပဲ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွား နေဆဲ ဖြစ်ပါတယ်။ ဇူလိုင်လဆန်းပိုင်းက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ဖို့ စီစဉ်ခဲ့ပေမယ့် ဆွေးနွေးကြမယ့်နေရာကို နှစ်သက် ညှိနှိုင်းလို့ မရသေးတာကြောင့် အခုအချိန်အထိ ဆွေးနွေး ပွဲ မကျင်းပနိုင်သေးပါဘူး။

KIA ရဲ့ ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်ကလည်း သူတို့ KIA ရပ်တည်ချက် အနေနဲ့ အစိုးရက ငြိမ်းချမ်းရေး ပေးမယ်ဆိုရင် စစ်မှန်တဲ့ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားတွေ ရပိုင်ခွင့်ရှိတဲ့ ငြိမ်းချမ်းရေးပဲ လိုချင်တယ်လို့ ဧရာဝတီကို ပြောပါတယ်။

"လက်မှတ် ရေးထိုးရုံနဲ့ ငြိမ်းချမ်းရေး ရတာမဟုတ်ဘူး။ အပစ်ရပ်ဖို့ ကိစ္စ လက်မှတ်ထိုးတဲ့ အခါမှာ နိုင်ငံတကာ စောင့်ကြည့်ရေး အဖွဲ့တွေက စောင့်ကြည့်ဖို့ လိုအပ်တယ်" လို့ သူက ဆိုပါတယ်။

ဧရာဝတီသတင်းဌာန

---




ရေရှည်မှန်မှန် စားသွားရင် ဒီလောက် အန္တရာယ်များပါတယ်ဆိုတဲ့ အချိုမှုန့်ဆိုတာ Mono Sodium Glutamate (MSG) လို့ ခေါ်တဲ့ ဒြပ်ပေါင်းတစ်ခု ဖြစ်ပါတယ်။ Glutamic Acid လို့ခေါ်တဲ့ JhAmino Acid တစ်မျိုး ပါဝင်ပြီး စားစရာထဲ ထည့်လိုက်ရင် Free Glumate တွေအဖြစ်ကို ပြောင်းလဲသွားကာ အစားအသောက်တွေရဲ့ အရသာကို ဓာတုနည်းနဲ့ လျှာပေါ်မှာ ဆပွားတိုးပေးလိုက်တာ ဖြစ်ပါတယ်။ အချိုမှုန့်ဟာ ဟင်းခတ်ပစ္စည်းတစ်ခု ဟုတ်ပါလား။ ပုံမှန် သုံးသင့်တဲ့ ဟင်းခတ်အမွှေးအကြိုင်တစ်ခု လုံးဝ မဟုတ်ပါ။ နည်းနည်းစားစား၊ များများစားစား ရေရှည်စားခဲ့ရင်တော့ အန္တရာယ် ရှိနိုင်တာပါပဲလို့ ပညာရှင်များက ပြောကြပါတယ်။ Good Manufacturing Practice (GMP) လို့ခေါ်တဲ့ ကမ္ဘာ့အဆင့် ထုတ်လုပ်မှု စနစ်ကောင်း (GMP) စနစ်ရဲ့ အစားအသောက်တွေ ထုတ်လုပ်တဲ့နေရာမှာ အချိုမှုန့် လုံးဝ မပါပါဘူး။ နိုင်ငံတကာက စူပါမားကတ်ကြီးတွေမှာ အချိုမှုန့်ကို ရှာဖွေလို့ မရပါဘူး။ ဝယ်ချင်လို့ ရှာဖွေခဲ့ရင်လည်း မောရုံပဲ အဖတ်တင်မှာပါ။ အချိုမှုန့်ကို ရေရှည် ပုံမှန်စားသုံးသွားရင် ဘာဆိုးကျိုးတွေ ရှိလာနိုင်မလဲ။

(၁) ဆီးချို မဖြစ်အောင်ထိန်းသိမ်းပေးတဲ့ အင်ဆူလင်ဟော်မုန်း (Insulin) ရဲ့ လုပ်ငန်းဆောင်တာမှာ အနှောင့်အယှက် တစ်ရပ် ဖြစ်စေလို့ ဆီးချိုဖြစ်စေဖို့ ကောင်းကောင်း အထောက်အကူ ပြုပါတယ်။

(၂) အစာ အလွန်အကျွံ စားချင်စိတ်ကို တိုးပွားဖြစ်ပေါ်စေသလို အဝလွန်ခြင်းကို တားဆီးပေးတဲ့ ဟော်မုန်းများကိုပါ ပိတ်ဆို့လို့ အဝလွန်ခြင်းကို ဖိတ်ခေါ်ပါတယ်။ အဝလွန်ခြင်း ရောက်လာရင် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောပိတ် စတဲ့ အဖော်အပေါင်းတွေပါ ပါလာ ပါလိမ့်မယ်။

(၃) ဦးနှောက် ဆဲလ်တွေကို မြန်မြန်ပျက်စီး ယိုယွင်းစေပါတယ်။ မှတ်ဉာဏ်ကို အရွယ်မတိုင်ခင် ပျောက်ဆုံးစေပြီး မေ့တတ်တဲ့ ရောဂါတွေ ဖြစ်စေဖို့ အလားအလာ အရမ်း များစေပါတယ်။ အချိုမှုန့်ကို မွေးကင်းစကတည်းကနေစပြီး စားတဲ့ ကလေးတွေမှာ ဉာဏ်ရည်ပိုင်း ယုတ်လျော့မှု ရှိတာကို တွေ့ရှိနိုင်ပါတယ်။

(၄) ဂျာမဏီမှာ အချိုမှုန့် သုံးစွဲမှုကို လုံးဝဖြတ်တောက်ရှောင်ကြဉ်ဖို့ အမျိုးသားအဆင့် ကြော်ငြာချက်တွေ၊ ဥပဒေတွေ အလန့်တကြား ထုတ်ခဲ့ဖူးပါတယ်။ ဂျာမန်ကျန်းမာရေး ပညာရှင်တွေ ဘာတွေ့ရလို့လဲဆိုတာ စာဖတ်သူတို့ သိပါသလား။ အချိုမှုန့်စားတဲ့ ကိုယ်ဝန်ဆောင်တွေ မွေးလာတဲ့ ကလေးတွေဟာ အင်ဆူလင်ဟော်မုန်း စွမ်းရည်ကျဆင်း၍ မတိုးတော့ခြင်း (Insulinresistant) မွေးရာပါ ဖြစ်လာတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီကလေးတွေ ကြီးလာရင် ဆီးချိုဖြစ်ဖို့ သေချာသလောက် ဖြစ်ပါတယ်။ ဒီအချက်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဆီးချိုဖြစ်ပွားနှုန်း မြင့်မားနေတဲ့ အချက်တွေထဲက တစ်ခု အပါအဝင် ဖြစ်ပါတယ်။

(၅) နောက်တစ်ချက်က ကိုယ်ဝန်ဆောင်မိခင်တွေ အချိုမှုန့်စားတဲ့ အကျင့်ကြောင့် မွေးလာတဲ့ ကလေးတွေရဲ့ Medulla oblongata, thalamus, of hypothalamus ဆိုတဲ့ ဦးနှောက်အစိတ်အပိုင်းတွေ မှာရှိတဲ့ အာရုံကြောဆဲလ်တွေကို ပျက်စီးစေပါတယ်။ ဒီနေရာတွေဟာ အစားအသောက် စားချင်စိတ်ကို အဓိက ထိန်းချုပ်တဲ့ ဦးနှောက်ဧရိယာဖြစ်လို့ ဒီလိုကလေးတွေဟာ ကြီးလာရင် အစားအသောက် အလွန်အကျွံစားတဲ့ အကျင့်ရှိကာ အဝလွန်ပြီး ရောဂါတွေ ထူစေတတ်တာ ကမ္ဘာတစ်ဝန်း လေ့လာ တွေ့ရှိထားပါတယ်။ (ဒါက အချိုမှုန့် ကပေးတဲ့ အမျိုးသား ကျန်းမရေး၊ လူမှုရေး ဝန်ထုပ်ဝန်ပိုး (National Health/ SociaBurden) ဖြစ်ပါတယ်။ ဒါ့အပြင် အချိုမှုန့် ဝယ်ယူတင်သွင်းရတဲ့အတွက် နိုင်ငံနဲ့လူမျိုးအကျိုးရစေမယ့် တခြားအရာတွေ ဝယ်ယူဖို့ နိုင်ငံခြားငွေ လျော့စေလို့ တိုင်းပြည်အတွက်လည်း နစ်နာပါတယ်။

(၆) မျိုးပွားစွမ်းရည်ကျဆင်းခြင်း၊ သားသမီးရနိုင်စွမ်း ကျဆင်းခြင်းတွေ ဖြစ်နိုင်တယ်။ Chinese Restaurant Syndrome ခေတ်ရတ် စားတော်ဆက် ရောဂါစု ဖြစ်စေနိုင်ပါတယ်။ ဒီရောဂါစုဟာ အချိုမှုန့် လွန်ကဲစွာပါတဲ့ အစားအသောက် စားပြီးပြီးချင်း မျက်နှာ လည်ပင်းနဲ့ တစ်ကိုယ်လုံးမှာ အနီစက်တွေ ထွက်လာခြင်း၊ ခေါင်အရမ်းကိုက်ခြင်း၊ ခေါင်းမူးခြင်း မျက်နှာမှာ တင်းကြပ်နေတယ်လို့ ခံစားရတတ်ခြင်း၊ မေးလှုပ်ပါးစပ်ဖွင့်ရတာလေးခြင်း၊ ဗိုက်အောင့်ခြင်း၊ ခါးနာခြင်း စတာတွေ ခံစားရတတ်တဲ့ အချိုမှုန့်နဲ့ ဓာတ်မတည့်တဲ့ ရောဂါ ဖြစ်ပါတယ်။

(၇) ပန်ကရိယခေါ် မုန့်ချိအိတ်ရောင်ရောဂါ အပါအဝင် ကိုယ်တွင်း ကလီစာတစ်ခုခု ရောင်ယမ်းတဲ့ ရောဂါရှိသူတွေ၊ သက်ကြီးရွယ်အိုတွေ၊ စာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူတွေ အထူး ရှောင်ကြဉ်သင့်ပါတယ်။

(၈) လူအများစုက အငန် အချိုမှုန့်က အပေါ့ဆိုပြီး တလွဲ မှတ်ယူထားကြပါတယ်။ ဒီတော့ ဆားထည့်လွန်းလို့ငန်သွားရင် အချိုမှုန့်များများ ထပ်ထည့်ပါတယ်။ အမှန် ဆားက Sodium Chloride၊ အချိုမှုန့်က Mono Sodium Glutamate ဖြစ်လို့ နှစ်ခုလုံးက ဆိုဒီယမ် (Sodium) ဆား ဓာတ်ဖြစ်ကာ နှစ်ခုပြိုင်စာသုံးရင် သွေးတွင်း ဆိုဒီယမ်မြင့်တက်မှု အရမ်းများလာစေကာ သွေးတိုးရောဂါကို ဖြစ်စေပါတယ်။ ဒါကြောင့် သွေးတိုးရောဂါ ကာကွယ်လိုသူများနဲ့ ရှိသူများဟာ အချိုမှုန့်ကို အထူး ရှောင်ကြဉ်သင့်ပါတယ်။ အချိုမှုန့် အကြောင်းကတော့ ဒီလောက်ဆို သိလောက်ပါပြီ။ နောက်တစ်ခု ရှိနေပါသေးတယ်။ လူတွေကို နားလှည့် ပါးလှည့်လုပ်ပြီး ရောင်းနေတဲ့ အသားမှုန့်တွေ၊ သူတို့လည်း အထဲမှာ Mono Sodium Glutamate (MSG) ဆိုတဲ့ ဆားဓာတ်က ပါတာပါပဲ။ ဒါကြောင့် အသားမှုန့်တွေကို လျှက်ကြည့်ရင် ငန်တဲ့ အရသာရနေတာ။ နောက်ပြီး အသားမှုန့်တွေရဲ့ ဈေးနှုန်းကလည်း တစ်ထုပ်ကို ၁၀၀ကျပ် (ဆိုင်ပြန်ရောင်းတဲ့ဈေးပါ) တဲ့။ နိုင်ငံခြားကလည်း လာသေးတယ်။ Packing ကလည်း ကောင်းမကောင်းတဲ့ အထဲမှာ အသားကို ၁၀၀ ဖိုးရအောင် အသားစစ်စစ်ဆိုရင်၊ ဖြစ်နိုင်ပါ့မလား ၁၀၀ ကျပ်နဲ့ရောင်းဖို့။ ဒီအချိုမှုန့်တို့၊ အသားမှုန့်တို့ဆိုတာ ကမ္ဘာမှာ ကျွန်တော်တို့မြန် မာနိုင်ငံလို တတိယ နိုင်ငံငယ်လေး တွေမှာပဲ အသုံးများပြီး နိုင်ငံကြီးတွေမှာ လုံးဝ မသုံးကြပါဘူး။ ထုတ်လုပ်ရောင်းချတဲ့ နိုင်ငံတွေကလည်း အဲဒီပစ္စည်းတွေကို လုံးဝမသုံးကြပါဘူး။ အဲဒီတော့ ကျန်းမာရေးကနေတဆင့် နိုင်ငံကြီးတွေရဲ့ စီးပွားရေးဝင်ငွေ ပိုကောင်းလာတာ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံငယ်လေးတွေ အတွက် နိုင်ငံနဲ့ လူမျိုးရဲ့ စီးပွားရေးကို ထိခိုက်ပြီး လူမျိုးတစ်ခုလုံးရဲ့ ကျန်းမာရေး၊ ဉာဏ်ရည် နိမ့်ပါးခြင်းတို့ဟာလည်း နိုင်ငံတစ်ခုရဲ့ တိုးတက်မှုကိုလည်း အများကြီး ထိခိုက်နိုင်ပါတယ်။ အဲဒီတော့ ကိုယ့်အတွက်၊ ကိုယ့်မိသားစု အတွက်၊ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်နိုင်ငံအတွက် စီးပွားရေးနဲ့ ကျန်းမာရေးကို စဉ်းစားပြီး အချိုမှုန့်နဲ့ အသားမှုန့် အစားထိုး ပစ္စည်းများအား ရှောင်ကြဉ်ပြီး စားသုံးကြပါလို့ တိုက်တွန်းလိုပါတယ်။ သဘာဝ အသားငါးများ၊ သစ်သီးသစ်ဥများနဲ့ အစိမ်းရောင်ရှိတဲ့ အရွက်တွေကနေ ရရှိတဲ့ သဘာဝ အချိုဓာတ်တွေနဲ့ ရောင့်ရဲ နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

မောင်မောင်ကျော်





## ခြင်ပိုကြိုက်တဲ့သွေးဆိုတာ တကယ်ဘဲလား။ ဘာကြောင့်လဲ?



ညနေခင်းတွေမှာ စကားဝိုင်းဖွဲ့ပြောနေတုံး၊ ညခင်းတွေမှာ တီဗွီအတူတူကြည့်နေတုံးမှာ ခြင်တွေက ကိုယ့်ကိုမှ ဝိုကိုက်တယ်လို့ ထင်နေတဲ့သူတွေ ရှိပါတယ်။ သူတို့တွေထင်တာ တကယ်ပဲမှန်ပါတယ်။ ဒါပေမယ့် သူတို့သွေးကချိုလို့ ခြင်ကပိုကြိုက်ပြီး သူတို့ကိုပဲ ရွေးကိုက်တယ်လို့ ထင်ကြပါတယ်။ ဒါကတော့ တကယ်ရော ဟုတ်ပါရဲ့လား။

လူ ၁၀ ယောက်မှာ ၁ ယောက်ဟာ ခြင်တွေပိုကိုက်ချင်စရာကောင်းတဲ့သူ ဖြစ်နေတတ်ပါတယ်။ အဓိက အကြောင်းရင်းကိုတော့ သုတေသနတွေမှာ မတွေ့ရှိရသေးပေမယ့် သဲလွန်စကိုတော့ ရနေပါပြီ။ ခြင်ပိုကိုက်ခံရတဲ့သူ ၈၅% ဟာ မျိုးဗီဇကြောင့်လို့ ဆိုနိုင်ပါတယ်။ ခြင်တွေကိုဆွဲဆောင်ပေးတဲ့ ဓာတ်ပစ္စည်းတွေ အရေပြားပေါ်မှာ အများကြီးစုပုံနေတတ်တာမို့ပါ။ အရေပြားပေါ်မှာ စတီးရွိုက်(steroids) ဒါမှမဟုတ် ကိုလတ်စထရော (cholesterol) တွေ အများကြီးရှိတဲ့သူမျိုးပေါ့။ တကိုယ်လုံးမှာ ကိုလတ်စထရော အများကြီးရှိတဲ့သူတွေကို ပြောတာမဟုတ်ပါဘူး။ ကိုလတ်စထရောကို သူ့ကိုယ်က ချေဖျက်တာကောင်းလို့ ဘေးထွက်ပစ္စည်းတွေအများကြီး အရေပြားမျက်နှာပြင်မှာ စုပုံနေတတ်တဲ့ သူမျိုးကိုပြောတာပါ။

ခြင်တွေက ယူရစ်အက်ဆစ်လို အက်ဆစ်မျိုး အများအပြားထွက်တဲ့သူတွေကိုလဲ ဝိုကိုက်ပါတယ်။ ဒီအက်ဆစ်တွေက ခြင်တွေကို အနံ့ပေးသလိုဖြစ်တာမို့ အရေပြားပေါ်လာနားပြီး ကိုက်တော့တာပါပဲ။ ခြင်တွေကလဲ ဘယ်လောက်တော်သလဲဆိုရင် အက်ဆစ်အနံ့ကို မီတာ ၅၀ အကွာကတောင် အနံ့ခံနိုင်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်အများအပြားထွက်တဲ့သူတွေဆိုရင် မီတာ ၅၀ ထက်ဝေးရင်တောင် ခြင်က အနံ့ခံနိုင်ပါတယ်။ လူ့ကိုယ်ကကြီးလေ ကာဗွန်ဒိုင်အောက်ဆိုဒ်က ဝိုထွက်လေပါပဲ။ ဒါ့ကြောင့် ကလေးထက်စာရင် လူကြီးကိုခြင်ဝိုကိုက်တာပါ။ လူကြီးထဲမှာဆို ကိုယ်ဝန်ဆောင်တွေက သာမန်ထက် ကာဗွန်ဒိုင်

အောက်ဆိုဒ် ဝိုပြီးရှုထုတ်တာမို့ ခြင်တွေကိုဝိုပြီးဆွဲဆောင်သလိုဖြစ်နေပါတယ်။ ကိုယ်အပူချိန် မြင့်နေရင်လဲ ခြင်ဝိုအကိုက်ခံရတတ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းသန်း ၁၇၀ ထဲက ရှိလာတဲ့ခြင်ကို အမြစ်ပြုတ်ရှင်းလင်းဖို့ဆိုတာ ခဲယဉ်းနေပါသေးတယ်။ ဒါ့ကြောင့် ခြင်ဝိုကိုက်ခံရသူတွေအနေနဲ့ မိမိပတ်ဝန်းကျင်မှာ ခြင်ပေါက်ဖွားနိုင်မယ့် ရေဝပ်တဲ့ နေရာတွေ၊ ချုံတွေကို ရှင်းလင်းထားသင့်သလို၊ လက်ရှည်အကျီဝတ်ခြင်း၊ ဘောင်းဘီရှည်၊ စကတ်ရှည်ဝတ်ခြင်း၊ ခြင်လိမ်းဆေးလူးခြင်း စတဲ့နည်းတွေနဲ့ ခြင်အန္တရာယ်ကို ကာကွယ်နိုင်ပါတယ်။

ဒေါက်တာဉာဏ်ပေါ်

## မြန်မာနိုင်ငံသားတွေအတွက် အစားအသောက်တွေကနေ တဆင့်ကြုံတွေ့ရနိုင်တဲ့ ဓာတုအဆိပ်သင့်နိုင်ချေတွေအကြောင်း ဒီတပတ်မှာ ပြောပြပါရစေ။

အလွန်အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေကို လူတွေအတွက် အဆိပ်သင့်စေမှန်းမသိကြဘဲ မြန်မာနိုင်ငံထဲက စားသောက်ကုန်လုပ်ငန်း တွေမှာ တွင်တွင်ကျယ်ကျယ် သုံးနေတာတွေ့ရပါတယ်။ ဒီအထဲမှာ အဓိက သုံးနေတာက အစားအသောက်ကို တာရှည်ခံအောင် လုပ်တဲ့ နေရာမှာ သုံးနေတာလို့ ဓာတုဗေဒ ပညာရှင် ဒေါက်တာခင်မောင်ညိုက ပြောပါတယ်။

အဓိက ဒီမှာ သုံးနေကြတာက အစားအသောက်ကို တာရှည်ခံအောင်လုပ်တဲ့ ပစ္စည်းတွေပေ့ါ။

ဥပမာ ဝက်အူချောင်းမှာ ဆိုရင် ယမ်းစိမ်း ထည့်မယ်၊ မုန့်ဟင်းခါးမှာ ဆိုရင် ဘိုရက်စ် လို့ခေါ်တဲ့ လက်ချားတွေထည့်မယ်ပေ့ါ။ မုန့်ဟင်းခါးမှာ ၂ မျိုး ရှိတယ်။ ရှယ်နဲ့ရိုးရိုးနဲ့ပေ့ါ။ ရှယ်ဆိုရင်တော့ သူက ဘိုရက်စ်မထည့်ထား ဘူးပေ့ါ။ ဈေးနဲနဲ ပိုကြီးတယ်။ ဘိုရက်စ် ထည့်ထားတော့ သူက ရေလည်း နဲနဲ စုပ်တယ်။ ပွလည်း ပွတယ်။ အဲဒီလိုမျိုးတွေ ရှိတယ်။

နောက် တာရှည်ခံအောင်ထည့်တာ အဓိကကတော့ ဖေါ်မလင် ပဲပေ့ါ။ ဖော်မာ ဒီဟိုက်လေ။ လူတွေသေတဲ့ အခါမှာ တာရှည်ခံအောင် ဆေးထိုးတာဖြစ်တယ်။ အမေရိကန်တို့ အင်္ဂလန်တို့ ဥရောပတို့မှာ အကုန်လုံးပဲ ဒီဆေးအတွက် ပိတ်ပင်ထားတယ်။ ဒါပေမယ့် မြန်မာပြည်မှာတော့ အဓိက နွားနို့ပို့တဲ့ သူတွေကတော့ အမြဲသုံးတယ်။ ဘာလို့လည်း ဆိုတော့ တကယ်လို့ ကျောက်တံခါးလိုနေရာကနေ ရန်ကုန်ရောက်ဖို့ ရထားနဲ့ ပို့တဲ့ အခါကျတော့ အချိန်ကြာတဲ့အတွက် အဲဒီ အချိန်အကြာကြီးကို တာရှည်ခံအောင် ဆိုပြီးတော့ ကျောက် တံခါးက နွားနို့တွေမှာ ဖေါ်မလင်ထည့်လေ့ ရှိတယ်။ နို့ဆီချက်ကြရင်လည်းပဲ ဖေါ်မလင်တွေ ထည့်ချက်လေ့ ရှိကြတယ်။



ပြဿနာ နောက်တခုကတော့ အသားတွေ၊ ငါးတွေမှာထည့်ကြတာ။ နေရာတနေရာကနေ တနေရာ ပို့ကြရင် ကျနော်တို့ အအေးခန်းတွေ မလုံလောက်လို့ပဲ။

အဲဒါက ဘယ်လို ပုံစံနဲ့ အန္တရာယ် ပေးတာပါလဲ?

ရန်ကုန်မှာ မီးပျက်လေ့ရှိတာမို့ အအေးခန်းတွေမှာ ငါးတွေ လှောင်ပြီ ဆိုရင် ငါးတွေကို တာရှည်ခံအောင် သူတို့က ဖေါ်မလင်တွေ ထိုးကြတယ်။ ကျွန်တော်တို့ မနစ်တုန်းကဆို မုံရွာကို ပို့လာတဲ့ငါးတွေမှာ တော်တော့် ကို ပြဿနာတက်တယ်။ အဲဒီငါးတွေဟာ ပုပ်တာလည်း ပါတယ်။ ဖေါ်မလင် ထိုးတာလည်း ပါတယ်။ ဒါတွေကိုဘာလို့ ရေခဲ အအေးနဲ့ မပို့လည်းဆိုတော့ ရေခဲတွေက အလေးချိန်စီးတော့ ကားပေါ်တင်လို့ ကားက အိုဗာဝိတ်ဖြစ်သွားရင် ဒဏ်ငွေတွေ အများကြီးဆောင်ရတယ်။ ဒါ့ကြောင့် ကားသမားတွေက ငါးတွေ တင်လာလို့ ရေခဲရိုက်ထားရင် ရေခဲတွေကို ဖယ်ပစ်တတ်ကြသလို ငါးတွေလည်း ပုပ်ကုန်ကြတာပါ။ အဲဒီလို မဖြစ်အောင် ရေခဲနဲနဲထည့်ပြီး ဖေါ်မလင်ထိုး ပို့ကြတာမို့ စားသုံးသူလက်ထဲကို ဖေါ်မလင်ပါတဲ့ ငါးတွေ ရောက်ကုန်တာဖြစ်ပါတယ်။ ဖေါ်မလင်ဟာ ကာစီနိုဂျင်းနစ်လို့ ခေါ်တဲ့ ကင်ဆာဖြစ်စေတဲ့ အရာမို့ တော်တော်အန္တရာယ်ရှိတဲ့ ပစ္စည်းပါ။ ပဲပြားတွေမှာလည်း အလားတူ တွေ့ရတတ်ပါတယ်။ ပဲပြားတိုင်းလိုလိုမှာ တွေ့ရတတ်ပြီး တောင်ငူလို နယ်ကနေရန်ကုန်ပို့တဲ့အခါ တာရှည်ခံအောင် ဖေါ်မလင် ထည့်ကြတယ်လို့ သိရတယ်။

အဲဒီတော့ ဖေါ်မလင်ကို တကယ့်ကို ပေါပေါများများ သုံးနေတာက ကျွန်တော်တို့ မြန်မာပြည် တဝိုက် ပေ့ါလေ၊

မြန်မာပြည်နဲ့ တရုတ်ပြည် တဝိုက်မှာတော့ ဖေါ်မလင်ကို သုံးတာတွေ့ရပါတယ်။

ဖေါ်မလင်က လူကို ဘယ်လိုပုံစံနဲ့ အန္တရာယ်ပေးပါသလဲ။

ဖေါ်မလင်က HCHO ပေ့ါ။ သူက အလွယ်တကူ အငွေ့လည်း ပျံနိုင်တယ်။ ရေထဲမှာလည်း ပျော်ဝင်နိုင် တယ်။ ဒ့ါကြောင့် သူက ကာဗွန်ဒြပ်ပေါင်း တွေ ဖြစ်တဲ့အတွက် သွေးလည်ပါတ်မှုတွေထဲမှာ သူကဝင်ရောက် သွားပြီးတော့ အန္တရာယ် ရှိနိုင်တယ်လို့ ပြောပါတယ်။

မုန့်ဟင်းခါးမှာ သုံးတဲ့ ဘိုရက်စ်ကျတော့ရော-

ဘိုရက်စ် ဆိုတာ လက်ချားပေ့ါ။ လက်ချားရဲ့ အန္တရာယ်ကတော့ အများကြီးတော့ မသိဘူးပေ့ါ။ ဒါပေမယ့် အခုလောလောဆယ် သူတို့ ဝမ်းပျက်တာ ဘာညာ ရှိတယ်။ ဘိုရစ်အက်စစ်ဆိုတာက အနာတွေမှာ ထည့်လို့ရတာပေ့ါ။ ဒါပေမယ့် သူက ဘာမှန်းမသိသေးတဲ့ အရာတခုဖြစ်တယ်။ ဒါကို တကယ့်တကယ်မှာ သုံးခွင့် ပေးမထားဘူး။ FDA အဖွဲ့တွေဘာတွေက သုံးခွင့်မပေးဘူး။ ဒါပေမယ့် စစ်ဆေးမယ့်သူမရှိတော့လည်း ဆက်ပြီးတော့ သုံးနေကြတာ ပေ့ါ။ လက်ချားကို ပုံမှန် ထည့်ကြတယ်။

နောက် မုန့်ဟင်းခါး သမားတွေက အကျော်မှာလည်း နံမယ်ပျက်နေတယ်။ ပဲကျော်ဆို ဘာနဲ့ကျော်လည်း ဆိုရင် ဆီထဲမှာ ပလပ်စတိတ် ပစ္စည်းတွေ ထည့်ပြီးကျော်တော့ ပိုပြီးတော့ ကျွတ်ရွတယ်လို့ ပြောတာပဲ။ အခုထက်ထိလည်း အဲဒါကို အရေးယူတာ ဖမ်းတာမျိုး ကျွန်တော်တော့ မတွေ့ရသေးဘူး။ ဒါပေမယ့် ပလပ်စတစ်အိတ် ရှိမရှိက

ကျန်တဲ့ စစ်ဆေးရေးနည်းလမ်းတွေလည်း ဘယ်သူမှ မသိကြဘူးပေ့ါ။

ကျွန်တော်တို့ နွားနို့မှာ ဖေါ်မလင် အပြင်ကို ဟိုတခါ တရုတ်ကထည့်တဲ့ မယ်လမင်းတွေလည်း ထည့်တာ ရှိတယ်။ မယ်လမင်းက နိုက်ထရိုဂျင်ပေ့ါ။ သူက နိုက်ထရိုဂျင် ကွန်ပေါင်းတွေ ဖြစ်တော့ မယ်လမင်းကို နို့မှုန့်လိုပဲ နွားနို့တွေကို စစ်မယ် ဆိုရင်၊ တကယ်လို့ မယ်လမင်းရောထားရင် သူ့ရဲ့ နိုက်ထရိုဂျင် ပါဝင်မှုက များတော့ သူ့ထဲမှာ လိုအပ်တဲ့ ပရိုတိန်း ပါတယ် ဆိုပြီးတော့ မယ်လမင်းကို လက်ခံကြတာ များတယ်။ အဲဒီတော့ မယ်လမင်းကို မသိတော့ လက်ခံတာပေ့ါ။ မယ်လမင်းကလည်း ဒီလိုပဲ။ ဒီ နိုက်ထရိုဂျင် ကွန်ပေါင်းတွေ အားလုံးက ကာစီနို ဂျင်းနစ် တွေပဲ လေ။ အန္တရာယ် အများကြီး ရှိတယ်။ ကင်ဆာဖြစ်နိုင်တဲ့ဟာ။

လက်ချားတို့ ဖေါ်မလင်တို့ နောက် ပလပ်စတိတ် တို့ မယ်လမင်းတို့ လိုပစ္စည်းတွေ အပြင် နောက် အစားအစာနဲ့ ပါတ်သက်ပြီးတော့ သိဖို့ လိုအပ်တဲ့ တခြား ဓါတုပစ္စည်း ဘာရှိပါသေးလဲဆရာ

ဓါတုပစ္စည်း သက်သက် အနေနဲ့ကတော့ ဒီ အရက်တွေ ဘာတွေ သောက်ရင်တော့ အရက်က တော်တော် မူးအောင် လုပ်တယ် ဆိုပြီးတော့ သူတို့ ပိုးသတ်ဆေးတွေ ဘာတွေထည့်တယ်။ ဒီ အင်ဒရင်းတို့ ဘာတို့ပေ့ါလေ။ အဲဒါနီးဖျားလေး တခုစာလောက် ရင် အရမ်းမူးတယ် ဆိုပြီးတော့ ဒီအရက်တွေမှာ ထည့်လေ့ ရှိတယ်။ အရက်ချက်တဲ့နေရာမှာ နောက်သူတို့ထည့်တတ်တာကတော့ ယူးရီးယား သုံးတယ်။ ပုလဲ ဓါတ်မြေသြဇာလိုပေ့ါ။ ယူးရီးယားနဲ့ အရက်ချက်လိုက်ရင် အင်ဖိုင်းတွေက အင်မတန် မြန်မြန် ဆန်ဆန် ပေါက်ပွါးတယ် ဆိုပြီးတော့ အရက် မြန်မြန် ဖြစ်တာပေ့ါလေ။ သို့သော် ဒါကို Distilled လုပ်တဲ့အခါမှာ ပေါင်းခံတဲ့အခါ ထွက်လာတဲ့ အငွေ့တွေထဲမှာ အရက်ဆီထဲမှာ သူတို့က တခါတလေကျတော့ ဓါတ်ပြောင်းပြီးတော့ ဆိုင်ယာနိုက် ဖြစ်လာတဲ့ အထိကို ပါလာပြီးတော့ လူတွေကို အန္တရာယ်ဖြစ်စေတာရှိတယ်။ ဒါပေမယ့် ဒါဟာ အမြဲတမ်း မဖြစ်ဘူး။ ဒါပေမယ့် နိုက်ထရိုဂျင် ကွန်ပေါင်း ဖြစ်သွားတယ်။ အဲဒီကွန်ပေါင်း တွေကတော့ ကျွန်တော်တို့ကို တော်တော် ဒုက္ခပေးတာ တွေ့ရတယ်။ နောက် ဝက်အူချောင်းမှာလည်း အခုပြောတဲ့ နိုက်ထရိုဂျင်ကွန်ပေါင်းတွေ၊ ဆိုဒီယမ် နိုက်ထရိတ်တို့ ပိုတက်ဆီယမ် နိုက်ထရိတ်တို့ ပါလာတယ်။

အဲဒါတွေက ဝက်အူချောင်းမှာ သုံးကြတာ။ ဝက်အူချောင်း ကြိုက်တဲ့လူတွေ၊ အရက်ကြိုက်တဲ့လူတွေအတွက် သတိထားစရာပါ၊ ဟုတ်ပါတယ်။ ဒီအရက်ကတော့ အခုမှ လုပ်လာကြတာပါ။ ဝက်အူချောင်းကတော့ ရှေးနှစ်ပေါင်း များစွာကတည်းက လုပ်နေကြတာ။

အသီးအရွက်တွေ လန်းဆန်းအောင် ရောင်းကောင်းအောင် ဆေးသုံးတာမျိုး ရှိပါသလား?

တချို့သုံးတယ်လို့ ပြောပါတယ်။ ဒါပေမယ့် အသီးအရွက်တွေက ဈေးပေါနေတော့ ဆေးသုံးရင် သိပ်မကာမိ ဘူးပေ့ါ။ သို့သော်လည်း ငှက်ပျောသီးတို့ ဘာတို့ ဆိုမှည့်အောင် သူတို့ ဆေးသုံးကြ တယ်လို့ ပြောပါတယ်။ တရုတ်ပြည်ကလာတဲ့ ဆေးအမှုန့်ပါ အဖြူရောင် အမှုန့်တွေပဲ ထည့်ကြတာ၊ အဲဒါကို ရေနဲ့ စိမ်လိုက်ပြီးတော့ အပေါ်မှာ ဆွဲထားလိုက်ရင် ငှက်ပျောသီးတို့ သရက်သီးတို့ က လုံးဝ မှည့်သွားတာပေ့ါ။ အထဲမှာ စိမ်းရင်စိမ်း မယ်။ အပြင်မှာတော့ အဝါရောင် သန်းသွားတယ်။ အဲဒီတော့ ရောင်းလို့ ကောင်းသွားတာပေ့ါ။ သဘော်သီး တို့ ငှက်ပျောသီးတို့ ကို ဆေးစိမ်လေ့ရှိပါတယ်။ သူက နှစ်လိုက်ရုံပဲ နှစ်ပြီး ပြန်ဆွဲထုတ်လိုက်ရုံပဲ။

ဘာဆေးမှန်းတော့ သေသေချာချာ မသိဘူး။ ပထမတော့ ယူရီးယားလို အမှုန့်ပဲ၊ ဓါတ်မြေသြဇာက ရတဲ့ ပုံစံမျိုးပဲ ပြောကြတယ်။

အစားအသောက်တွေထဲ ထည့်လေ့ရှိတဲ့ ဒီ ဓါတုပစ္စည်းတွေ ပြည်ပက ဝင်တာကို ကန့်သတ်မှုတွေ စစ်ဆေးတာ မျိုးတွေ ဖိဖိစီးစီး မလုပ်နိုင်သေးပါဘူး။

အစိုးရက မသုံးရဘူးလို့ ပြောတာကြားပေမယ့် မြန်မာပြည်မှာက မသုံးရဘူးလို့ ပြောတာတွေကို ဆက်သုံးနေကြတာပါ ပဲ

ဓါတုပညာရှင် ဒေါက်တာ ခင်မောင်ညိုပါ။ နောက်တပါတ်မှာတော့ အစားအစာတွေထဲမှာ ဆိုးဆေးတွေ တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတာနဲ့ ပလပ်စတစ်မှာပါတဲ့ လူကို အန္တရာယ် ဖြစ်စေတဲ့ ဓါတုပစ္စည်းတွေ အကြောင်းကို ဆက်ပြီးပြောပြပေးမှာပါ။

ခင်မျိုးသက် (voa burmese) 17.07.2012 09:00







### ( 31 ) ဇူလိုင် မမေ့နိုင်

ပင်ပန်းနွမ်းနယ်လို့...
ခေါင်းမော့ကာ ပင့်သက်ရှိုက်
မျက်နှာကျက်ဖြူဖြူမှာ
ပြုံးပြုံးလေး ပေါ်လာတဲ့ ဒါင်ပါန် မျက်နှာ
"ညီ-ညီမလေးတို့ မောနေသလား"....တဲ့၊

ခရီးကြမ်း လမ်းပေါ်မှာ
ခက်ခဲစွာ လျှောက်လှမ်းဆဲ
အားငယ်စိတ် ဝင်လာတော့
နံရံပေါ်က ဒါင်ပါန် ပုံရိပ်တွေ...
"ညီ-ညီမလေးတို့ ကြိုးစားကြနော်"....တဲ့ ၊

ဝမ်းသာကြည်နူး
ပျော်ရွှင်ဖူးတဲ့ နေ့ရက်တွေ-
ပစ်သံ ခတ်သံ
သေနတ်သံကြား သွားလာရတဲ့နေ့ရက်တွေ-
မသေထမင်း မသေဟင်းနဲ့
`အတူ စားခဲ့ရတဲ့ နေ့ရက်တွေ-
ပြန်ပြောင်းကာ သတိရလေတိုင်း
လွမ်းလိုက်တာ ဒါင်ပါန် ရေ...၊
မှန်းဆကာ တမ်းတမိပြန်တော့
လွမ်း ရတာ ရင်မှာမချိ ပါဘူး
ဆူးပေါ်မှာ ကျောခင်းရတဲ့ ဘဝတူတွေပေ့ါ...၊

ဓါတ်ပုံထဲက ဒါင်ပါန် ရေ
ကျနော်တို့ကို စကားတွေပြောနေသလိုပါဘဲ
ဒါင်ပါန် ရဲ့ အပြုံးအေးအေး ဟာ
ကျနော်တို့ အတွက် အားဆေး တစ်ခွက်ပေ့ါ...၊

ဒါင်ပါန်...
ဒါင်ပါန်ဟာ....
တို့ရဲ့တအာင်း သမိုင်းသစ်ကို
မဖြစ် ဖြစ်အောင် သွေးနဲ့ရေးပေးခဲ့သူပါ၊

ဒါင်ပါန်....
ဒါင်ပါန်ဟာ
တို့ရဲ့တအာင်း မျိုးဆက်သစ်တွေအတွက်
သွေးမြေခ ဘဝပါ ပေးဆက်ခဲ့သူပါ၊

ဒါင်ပါန်....
ဒါင်ပါန်ဟာ
ကျနော်တို့ တအာင်း တစ်မျိုးသားလုံးအတွက်
လောကအလယ်မှာ မျက်နှာမငယ်ရလေအောင်
ရှေ့ဆောင် လမ်းပြတဲ့ကြယ်ကြီးပါ၊

ဒါင်ပါန်......
ဒါင်ပါန်ဟာ
အခက်အခဲပေါင်းများစွာ
အနစ်နာခံ အသေခံ သွားတဲ့
ကျနော်တို့ရဲ့အာဇာနည်ခေါင်းဆောင်ကြီးပါ၊

ဒါင်ပါန်.....
ဒါင်ပါန်-ချပြခဲ့တဲ့ လမ်းစဉ်
ဖြစ်ချင်တဲ့ ဆန္ဒ တွေ
မရ-- ရအောင်
ညီ-ညီမလေးတို့က
ညီညွတ်သော လက်တွဲဖြင့်
တိုက်ပွဲဝင် သွားမယ်ဆိုတာ
ဝမ်းသာ ကျေနပ်စွာ နဲ့
တမလွန် ဘဝကနေ မြင်တွေ့နိုင်ပါစေ.....လို့၊

နောင်နေနွယ်....(နမ့်ဆန်/ဘန်ကောက်)

# ကာတွန်း






TSYO

P.O Box ( 191 )
Mae Sot, Tak Province
Thailand, 63110

Tel, 055 533 324 (or) 0844922499

Eamil, taangnewsletter@palaungland.org
www.palaungland.org